# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့် ၊ တနင်္ဂနွေနေ့ ၊ (15-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရခိုင်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေထိုင်ကြသော ရခိုင်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့် ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့်ပြည်နယ်များသတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း ပြည်နယ်တစ်ခုအဖြစ် ပါရှိခဲ့ပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၁

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိသက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ

စာမျက်နှာ ၁၆ ကော်လံ ၁



ရတနာပုံ
၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တရားမဝင်ကုန်သွယ်မှုများက နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေသည်။ နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ များစွာဆုံးရှုံးစေသည့်အပြင် နိုင်ငံ၏လူမှုရေး၊ စီးပွားရေးကဏ္ဍများကိုလည်း ဆိုးကျိုးများဖြစ်ပေါ်စေသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို ပြည်သူအားလုံးပူးပေါင်းပါဝင်တိုက်ဖျက်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူများနှင့်ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ များစွာနစ်နာရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးအရေးယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ပြင် တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုလည်း များစွာဆုံးရှုံးနစ်နာရပါသည်။

အာမခံချက်မရှိဘဲ ဈေးပေါပေါဖြင့်တင်သွင်းလာသည့် အတုအပ၊ အရည်အသွေးမမီသည့် ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းထုတ်လုပ်မှုတွင်လည်း အရည်အသွေးမမီဘဲ ထုတ်ကုန်ပစ္စည်းများ နစ်နာဆုံးရှုံးနိုင်သည်။ ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေသည့် တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေရုံသာမက တရားမဝင်ကုန်သွယ်မှုကြောင့် ကုန်ထုတ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန် စသည့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်သော အခွန်အခများ များစွာဆုံးရှုံးနစ်နာစေပြီး နိုင်ငံ၏ GDP ကိုလည်း ကျဆင်းစေသည်။

တရားမဝင်ကုန်ထုတ်လုပ်မှုသည် နိုင်ငံတော်ဝင်ငွေကို ထိခိုက်စေနိုင်ပြီး သုံးစွဲမှုအပိုင်းတွင်လည်း ဝင်ငွေ၊ ထွက်ငွေ မမျှတသည့်အတွက် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် အရေးကြီးသည့်လုပ်ငန်းဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကလည်း နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုသည့် အဖွဲ့များဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဆက်လက်ဖမ်းဆီး အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလထိ နှစ်နှစ်နှင့် ၁၁ လကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၇၂၅၈ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉ ဒသမ ၂၄၇ ဘီလီယံဖမ်းဆီးရမိခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့်နိုဝင်ဘာလအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ ကရင်ပြည်နယ်က ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်။ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လုပ်ငန်းသုံးကုန်ပစ္စည်းများက အများဆုံးဖြစ်ပြီး လိုင်စင်မဲ့မော်တော်ယာဉ်နှင့်တရားမဝင် ကုန်စည်တင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးသည် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှု၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကုန်သွယ်မှု၏နောက်ကွယ်တွင် လာဘ်ပေးလာဘ်ယူကိစ္စရပ်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၏စွမ်းရည်နှင့် ဂုဏ်သိက္ခာကျဆင်းလာခြင်း၊ စာရိတ္တနှင့်စိတ်ဓာတ်များ လျော့ကျလာခြင်းတို့ကြောင့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံ့စီးပွားမောင်းနှင်အားကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ပြည်သူအားလုံးပူးပေါင်းပါဝင်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁၄**

မြင်းမူဘက်မှ ထွက်ရှိသည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေထံမှ သိရသည်။

မြင်းမူဘက်မှ အရည်အသွေးကောင်းမွန်သည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှု ယခင်ကထက် ပိုမိုများပြားလာပြီး အရောင်းအဝယ် ပြန်လည် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းမန္တလေးဈေးကွက်အတွင်းမှာ မြင်းမူဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံတွေ မန္တလေးမြို့၊ ရန်ကုန်မြို့နဲ့ တောင်ကြီးမြို့အပြင် တခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာပါတယ်။ မြင်းမူဘက်က ဂျုံတွေ မှာယူမှုပြန်ပြီး များပြားလာတာကြောင့် ဂျုံအရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြင်းမူဘက်မှ ထွက်ရှိသည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ဂျုံပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မြင်းမူဘက်မှ ထွက်ရှိသည့် အရည်အသွေး ကောင်းမွန်သည့် ဂျုံများကို မြို့နယ်အသီးသီးမှ မှာယူမှု များပြားလာကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ်၊ မုံရွာနှင့် တောင်သာဘက်မှ ထွက်ရှိသည့် ဂျုံများလည်း မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်း ကောင်းမွန်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများမှာအရောင်းအဝယ်အကောင်းဆုံး အနေအထားတွင် ရှိနေကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသည့်ဂျုံကို ပြည်ပဈေးကွက်ဖြစ်သည့်အိန္ဒိယနှင့် တရုတ်နိုင်ငံမှလည်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၉၄၆၄ ဧက ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၉၄၆၄ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၉၄၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့် ဖူးစားပြောင်း ၅၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၅၇ ဒသမ ၃၈ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၈၉၄၆၄ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်းနှင့် ဖူးစားပြောင်းတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၉၉၁ ဧကထိ စိုက်ပျိုးမည်

**ပုသိမ် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၉၁၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၉၁၁ ဧကကို ယခုနှစ် ဒီဇင်ဘာလတတိယပတ်၌ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစုစုပေါင်း ၁၃၉၁၁ ဧကကို ပုသိမ်မြို့နယ်တွင် ၁၂၂၅ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၂၃၀၉ ဧက၊ သာပေါင်းမြို့နယ်တွင် ၄၄၅၂ ဧက၊ ငပုတောမြို့နယ်တွင် ၅၉၂၅ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်အနေနဲ့ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၉၉၁ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနှစ် တောင်သူတွေ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းဖို့ စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်''ဟု ခရိုင်ဦးစီးမှူး အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စိုက်ပျိုးမည့် ဟင်းသီးဟင်းရွက်သီးနှံစုံမှာ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး စသည့်သီးနှံများကို စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၉၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၉၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၈၈ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၂၇၈ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၁၇၀၇ကေ စုစုပေါင်း ၄၉၈၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း မြေပဲ ၉၀၈၈ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၉၈၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းကပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ကေ ၆၁၀၀၊ ဝန်းသိုမြို့နယ်တွင် ၂၃၅၅ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၆၃၃ ကေ စုစုပေါင်း ၉၀၈၈ ကေ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မြေပဲ စိုက်ပျိုးရာ၌ မြေပဲတစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျပြီး တစ်ကေ စိုက်ပျိုးပါက တင်းရေ ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

## သန်လျင်မြို့နယ် လဟာရက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သန်လျင် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဟာရက်ကျေးရွာအုပ်စု လဟာရက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပဲန်ဘွေထန်က လဟာရက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လဟာရက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဒီဇင်ဘာ ၁၄**


ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ် တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ အရောင်းအဝယ်ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို ဝယ်ယူမှု များပြားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလ ပထမပတ်ကစပြီး ငါးရှဉ့်တွေသိသိသာသာကိုတင်ပို့မှုများပြားခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့မှုများခဲ့တာကလဲ ပြည်တွင်း ငါးရှဉ့်လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့် ဖြစ်ပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေအဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးရှဉ့်များကို ပြည်တွင်း ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများကို ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# တပ်တော်ဝင် အညွန့်အဖူး ပွင့်ဦးက စစ်စွမ်းရည်

မောင်လတ်(ကမ်းရိုးတန်း)



တပ်မတော်(လေ)သည် မြန်မာ့လွတ်လပ်ရေး၏ မီးရှူးတန်ဆောင် သို့မဟုတ် "ရှေ့ဦးတံခွန်"ဖြစ်ခဲ့သည်ဟု ပြောရပေလိမ့်မည်။ ယုတ်စွအဆုံး လွတ်လပ်ရေးပန်းတံတား၏ တံခါးအဖွင့်ဟု ဆိုနိုင်ပါ၏၊ ဆိုပါ၏။ တိတိကျကျပြောရလျှင် လွတ်လပ်ရေးမရမီ ရက် ၂၀ အလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ ကာကွယ်ရေးဌာနကောင်စီအမိန့်အမှတ်(၄၀၉)ဖြင့် မြန်မာ့မြေဝယ် တပ်မတော်(လေ)မွေးဖွားသန့်စင်ခဲ့ပါသည်။ နေရာမင်္ဂလာဒုံဘူမိနက်သန်မြေဖြစ်၏။ အမြော်အမြင်ရှိသည့် နိုင်ငံ့ခေါင်းဆောင်များကျေးဇူးကား ကြီးမားလှပေစွ။ လက်ရုံးတပ် "သရဖူ"လွှင့်ထူနိုင်ခဲ့ခြင်းပင်။ ယနေ့ဆိုလျှင် (၇၇)နှစ်တိုင်ခဲ့လေပြီ။ အတွေ့အကြုံအရပင်ရတုများစွာသစ်ထွန်း 'သံမဏိမော်ကွန်း'ထူလောက်ပါ၏။

ထိုစဉ်က ဗြိတိသျှစစ်လက်ကျန် တိုက်ဂါးမော့သ်၊ တွင်အော်တာ အစရှိသည့်လေယာဉ်အနည်းငယ်ဖြင့် ခရီးအစ၊ မလှမပချီဆက်ခဲ့ရလင့်ကစား ဇာတိမာန်စိတ်ဓာတ်အခြေခံခဲ့သည်။ မျိုးဆက်သစ်ဖူးပွင့်ကူးဆင့် လက်ကမ်းလှမ်းတက်နိုင်ခဲ့သည်။ ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့သည်။ စစ်ခရီးကြမ်းတွင်ရှိသည့် လက်နက်ဆွဲကိုင်ခြင်းအပြင် စွန့်ဦးတီထွင်လက်လုပ်ဗုံးများဖြင့် လေယာဉ်ပေါ်မှလေယာဉ်မှူးကိုယ်တိုင် စနက်တံဖြုတ်ကြဲချခဲ့ရသည့်ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များပင်ရှိခဲ့ပါ၏။ အသက်များစွာရင်းခဲ့ရပါသည်။ မီးနာမှသံကောင်း၊ သံကောင်းမှ ဓားထက်ဆိုသည့်စကားအတိုင်း ယနေ့တပ်မတော်(လေ)သည် ထုသားပေသားကျသည့် ကျစ်လျစ်မာသန်သော ခွန်အားနှင့် စွမ်းရည်ပိုင်ဆိုင်ခဲ့လေပြီ။

တပ်မတော်(လေ)၏ အဓိကအားလက်ရုံးသည် 'သိပ္ပံနှင့်နည်းပညာ' ပြီးတော့ 'ပျံသန်းရေး'ဖြစ်၏။ ယင်းပျံသန်းရေး၏အရင်းအမြစ်ကား ကျွမ်းကျင်မှု အတတ်ပညာပိုင်း၊ စက်မှုကဏ္ဍနည်းနာနိသယ၊ အသိပညာရပ်သီအိုရီများအပြင် လေယာဉ်၊ ရဟတ်ယာဉ်များ နိုင်ငံတကာအဆင့်မီ တည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ပြုပြင်၊ ဆောင်ရွက်စသည်ဖြင့် နယ်ပယ်ကျယ်ဝန်းလာစေသည်။ ဤကမ္ဘာမြေ ကျယ်ပြောလေသမျှ 'အသိ၊ အတတ်'ပညာရပ်များ၏ ဆန်းထွက်မှုနှင့် ဖြန့်ကြက်မှုအသစ်၊ အသစ်အသစ်ဖြစ်တည်လာမြဲ၊ သမိုင်းခေတ် ရေအလျဉ်ကတော့ဖြင့် စီးဆင်းမြဲ၊ လိုက်ပါစီးမျောခွင့်အတွက် အရည်အသွေးပြည့်မီရန်လိုအပ်မြဲစသည်ဖြင့် အဖွဲ့အစည်းဆိုင်ရာ ခွန်အား၊ စွမ်းရည်တို့မှာ တစ်ရံမလပ်လေ့ကျင့်ရှင်သန်ရပ်တည်နေရပေလိမ့်မည်။

တကယ်တော့ နိုင်ငံတော်ကာကွယ်ရေးသမိုင်းတွင် 'တံတိုင်း'အဖြစ် သိုင်းဝိုင်းရပ်တည်နေသည်မှာ (ကြည်း၊ရေ၊လေ)ဆိုင်ရာ တပ်မတော်အဖွဲ့အစည်းပင်ဖြစ်ပါ၏။ တပ်မတော်(လေ)သည် စစ်လက်ရုံးအဖြစ် နိုင်ငံတော်၏ ဝေဟင်ပိုင်နက်စိုးမိုးရေးနှင့်လေကြောင်း စွမ်းရည်မြင့်မားရေးကို တာဝန်ယူရပေမည်၊ တာဝန်ခံရပေလိမ့်မည်။ သွင်ပြင်လက္ခဏာအရဖြစ်စေ၊ ပုံသဏ္ဌာန်အရဖြစ်စေ တပ်မတော်(လေ)သည် သမားရိုးကျ၊ သာမန်အနေအထား ဖွဲ့စည်းပုံမျိုးမဟုတ်ပေ။ တီထွင်ဆန်းသစ်စေမည့် ပညာရပ်ဆိုင်ရာခေတ်သိပ္ပံလမ်းကြောင်းပေါ်တွင် ရပ်တည်နေ၏။ ခေတ်ဆန်းပွင့်ဆက်မြင့်တက်လေသမျှ သိပ္ပံနှင့် နည်းပညာရပ်တို့ ပွတ်တိုက်မှုများ ဆင့်ကာဆင့်ကာဖြစ်လာကြပေလိမ့်မည်။ ရုပ်ဝတ္ထုပစ္စည်းတို့၏ ခေတ်ကိုဆန်တက် တီထွင်ချက်အဝန်းအဝိုင်းကလည်း ကျယ်ပြန့်လာကြောင်း တွေ့ရပေလိမ့်မည်။ ခေတ်ကို မျက်ခြည်မပြတ်စောင့်ကြည့်ရင်း လေယာဉ်၊ ရဟတ်ယာဉ်များ၏ သက်ရောက်မှုနည်းစနစ်များ၊ ပုံသဏ္ဌာန်ပိုင်းအရပါ မြင့်မြဲဆင့်ကဲမှုများဖြင့် စိန်ခေါ်မှုများဖြစ်လာနေပြီဖြစ်၏။ သမိုင်းအကွေ့တစ်ခုတွင် 'အရွေ့'သည် အလှည့်အပြောင်းအသွင်မှ (Standard Air Force) အဆင့်သို့ ရောက်လာပေလိမ့်မည်။ ဤကားသစ္စာဖြင့် တည်သောစကားပင်။ ဤသည်မှာ အိပ်မက်မဟုတ် ယုံကြည်မှုပင်ဖြစ်၏။ ဆိုလိုသည်မှာ ရည်မှန်းချက်သည် ယုံကြည်ချက်ကို အကောင်အထည်ဖော်တည်ဆောက်ဖြစ်တည်လာခြင်းမဟုတ်ပါလား။

ယနေ့ခေတ်တွင် နိုင်ငံတော်၏ အစီအမံအပင့် အတွန်းလမ်းညွှန် ဆောင်ရွက်မှုကလည်း အားကောင်းလှပေသည်။ စစ်လက်နက်ပစ္စည်း အသစ်အသစ်ပံ့ပိုးမှုဖြင့် 'တပ်တော်ဝင်ကဏ္ဍ'အဖြစ် မင်္ဂလာရှိသော နေ့ရက်ထိတွေ့မှုများ ခပ်စိပ်စိပ်ရှိလာနေပြီဖြစ်၏။ ဆန်းသစ်သော စစ်လက်နက်ပစ္စည်းများကြောင့် ရင်ခုန်စရာမြင်ကွင်းအဖြစ် အတွေးဝင်လာစေသည်။ လေကြောင်းစွမ်းရည်သည် အမြင့်မားဆုံးသော စွမ်းရည်ဖြစ်သည်ကို မျက်ဝါးထင်ထင်မြင်လာစေနိုင်သည်။ တကယ်တော့ တပ်တော်ဝင်ဆိုသည်မှာ အသစ်အသစ်သော လေယာဉ်၊ ရဟတ်ယာဉ်များ မှတ်တမ်းတင် တာဝန်သတ်မှတ်ခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် တာဝန်ထမ်းဆောင်စေခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

စင်စစ် တပ်တော်ဝင်ဟူသည် သမိုင်းသစ်စာမျက်နှာဝယ် အလိုအပ်ဆုံးသောတာဝန်တစ်ရပ်ကို ဆောင်ရွက်ခြင်း၊ ထမ်းဆောင်ခြင်းပင်ဖြစ်၏။ ကြည့်လေ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် ယင်းနိုင်ငံ၏ ကာကွယ်ရေး၌ မူတည်နေခြင်းဖြစ်သည်။ ကာကွယ်ရေးခိုင်မာတောင့်တင်းပါမှ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားလာမည်။ ဒေသတွင်းဖြစ်စေ၊ ဒေသပြင်ပ နိုင်ငံတကာကပင်ဖြစ်စေ ယုံကြည်လေးစားလာပေလိမ့်မည်။ စော်ကားမော်ကားရန်မပြုဝံ့တော့၊ အဘက်ဘက်မှ ဖွံ့ဖြိုးအောင်ဆောင်ရွက်လာနိုင်ပေလိမ့်မည်။ တပ်တော်ဝင်သည် ပန်းအညွန့်အဦးဖြစ်သည်ဆိုလျှင် အဖူးအပွင့်မှာ စွမ်းရည်သတ္တိဖြစ်လာမည်ဟု ယုံကြည်ပါ၏။ စင်စစ် စွမ်းရည်ဖွံ့ဖြိုးစေတန်ရာသော မျိုးစေ့ကြဲချခြင်း သို့မဟုတ် အနာဂတ်လမ်းဆင့် တန်းမြင့်မီရေး လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်၏။ မော်ကွန်းသစ်ရေးထိုးလိုက်ခြင်းပင်။

ကျွန်တော့်ရင်ထဲတွင် ခံစားမှုကဗျာလေးတစ်ပုဒ် ရှိနေသည်။ တပ်တော်ဝင်ဟူသည့် ဘာသာဗေဒစကားလုံးအသုံးအနှုန်းအပေါ် မြင်သာသည့်အမြင်ပင် အနှစ်သာရလေးနက်မှုဂုဏ်သတင်းနှင့် ထုံသင်းနေပါလိမ့်မည်။ တော်ဝင်ခြင်းဟူသော 'ပညတ်'နှင့်'ဓာတ်သက်' ရောယှက်ကာ အထွတ်အမြတ်ဂုဏ်မြှင့်ခြင်းဟု အဓိပ္ပာယ်သက်ရောက်ပေလိမ့်မည်။

**လမ်းဖွင့်မြှင့်တင် တပ်တော်ဝင်**

- မြတ်ဖော်အသွင်
တပ်တော်ဝင်…တည်ရစ်ပေတော့
ပြည်သစ်ဝေ အခွင့်အလမ်းတွေနဲ့
ပွင့်လမ်းနေ ဂုဏ်ရည်လင်းအောင်ပ့ါ
ဖြည့်တင်း… အစီအမံရယ်က
ရည်သန်မြင့်မား
တပ်မတော်လျှင်…
ထပ်မြော်မြင်…အနာဂတ်ချီလို့
ကမ္ဘာဖြတ်မည် စစ်ရည်စွမ်းတွေနဲ့
ခေတ်မီထွန်းစေ… မြန်ဇမ္ဗူအတွက်ကိုဖြင့်
ခံယူချက်…သန္နိဋ္ဌာန်
မှန်ကန်ထင်ရှား
တပ်မတော်(လေ) မူတည်
ဖြတ်ကျော်နေ သမိုင်းသစ်
ဖွင့်လှစ်ရမည်
လေကြောင်းဖွဲ့ စွမ်းရည်
မြင့်မီအောင်ဖြည့်တင်း
လေယာဉ်…ရဟတ်ယာဉ်တို့
တပ်တော်ဝင်စစ်အားမောင်းတွေနဲ့
ဆင့်လောင်းခင်းကျင်း။ ။

တပ်မတော်(လေ)၏ စစ်အားမောင်းသည် လေယာဉ်၊ ရဟတ်ယာဉ်ဆိုင်ရာ လေကြောင်းစစ်ဗျူဟာအခင်းအကျင်းပင်ဖြစ်သည်။ စစ်လက်နက်ပစ္စည်းပိုင်းကိုကြည့်လျှင် ခေတ်မီခြင်း၊ ဆန်းသစ်ခြင်း၊ စွမ်းရည်ထက်မြက်ခြင်းတို့မှာ လိုအပ်ပေသည်။ လေကြောင်းစွမ်းရည်သည် စစ်ပွဲတစ်ပွဲ၏ရေချိန်ကို ထိန်းချုပ်နိုင်စွမ်းရှိကြောင်း နိုင်ငံတကာဖြစ်စဉ်များတွင် တွေ့ရပေလိမ့်မည်။ စင်စစ်လေကြောင်းစွမ်းရည်သည် စစ်ပွဲတစ်ပွဲ၏ ဝင်ရိုးဖြစ်၏။ စစ်ပွဲချိန်ခွင်လျှာ အလှည့်အပြောင်းကို ဖန်တီးနိုင်စွမ်းသော အရည်အသွေးနှင့်ပြည့်မီနေကြောင်းလည်း တွေ့ရပေလိမ့်မည်။ ခေတ်အထာဖွင့်သုံးလျှင်ဖြင့် စစ်မဟာအမြင့်ဆုံးဟု ဆိုလောက်ပေ၏။ ဆိုနိုင်ပါ၏။

တပ်မတော်(လေ) ဖြတ်သန်းလာခဲ့သည့် စစ်သမိုင်းခရီးကာ ကြမ်းတမ်းလှပေသည်။ ဖွဲ့စည်းထွက်ပေါ်စ သက်တမ်းကာလ လပိုင်းမျှဖြစ်သည့် လွတ်လပ်ရေးပန်းကလည်း ဖူးပွင့်စနုနုနယ်နယ် အရိုန်ယူဆဲတွင် စစ်မုန်တိုင်းကြမ်းနှင့် ရင်ဆိုင်ခဲ့ရ၏။ နိုင်ငံရေးပါတီများ၏ ဝါဒရေးရာအကွဲအပြဲ ဒီမိုကရေစီအခင်းအပြန့်က မလုံမလဲ၊ တိုင်းရင်းသားလူမျိုးများ၏ မတူညီသည့် သဘောထားခံယူချက်စသည့် မမျှညီသည့်အယူအဆများနှင့် လက်နက်စွဲကိုင်သည်ထိ ဖြစ်လာခဲ့လေပြီ။ ၁၉၄၈ ခုနှစ် မတ်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် တိုင်းရင်းသားများ တောခိုသည်။ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) တောခိုပြန်သည်။ ရောင်စုံသောင်းကျန်းသူများဖြင့် ဝိုင်းလည်နေသည့် ပြည်ထောင်စုအရေးကား ကြီးမားလာခဲ့သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခမီးလောင်ကျွမ်းခဲ့ပြီပေ့ါ။ 'ရန်ကုန်အစိုးရ'ဟု ခေါ်တွင်လောက်သည်ဖြစ်လာရတော့၏။ သည်ကာလတွင် မြွေပူရာကင်းမှောင့်ဖြစ်လာသည်က ပြည်ပကျူးကျော်မှုဖြစ်၏။ ၁၉၄၉ ခုနှစ်မှစတင်ကာ ရှမ်းအရှေ့ဒေသများကို ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူများသည် ၁၉၅၀ ပြည့်နှစ်တွင် အင်အားကြီးမားလာခဲ့သည်။ တပ်မတော်(လေ)သည် တပ်မတော်(ကြည်း)နှင့်အတူတွဲကာ လူအင်အား၊ လက်နက်အင်အား အနည်းငယ်နှင့် ရင်ဆိုင်ခဲ့ရသည်။

ခေတ်သမိုင်းကို သုံးသပ်ကြည့်လျှင် တပ်မတော်(လေ)၏ မြင့်မြတ်သောဥပဓိကို တွေ့လာရပေမည်။ နိုင်ငံရေးအယူအဆ၊ ဝါဒမှိုင်းရောင်ခြယ်အတွန်းအတိုက်များကြောင့် ကြီးထွားလာသည့် ပြည်တွင်းစစ်၊ နယ်ချဲ့ဝါဒအခြေခံနယ်မြေကျူးကျော်လာသည့် ကူမင်တန်ကျူးကျော်စစ်။ ဤစစ်ပွဲကြီးနှစ်ခုသည် မြန်မာနိုင်ငံတွင် ဆုံမှတ်ဖြစ်လာခဲ့သည်။ နိုင်ငံရေးအရ အတင်းမာဆုံးသောကာလများဖြစ်ခဲ့ပါ၏။ တပ်မတော်(လေ)သည် စစ်လက်ရုံးပီပီ၊ တပ်မတော် (ကြည်း)နှင့်တွဲကာ တိုက်ပွဲဝင်ရင်း အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ချေမှုန်းခဲ့ရသည်။ စစ်ပွဲ၊ ယမ်းငွေ့၊ ကျည်ဆန်၊ ဗုံးဒဏ်များကြားမှ စွန့်လွှတ်စွန့်စားရပ်တည်လာခဲ့သည့် တပ်မတော်(လေ)ရုပ်ပုံလွှာသည် သမိုင်းပုံရိပ်၊ စစ်ပုံရိပ်အပြင် ခေတ်ပုံရိပ်အတွင်းမှာပင် ထင်ဟပ်လာမှုဖြင့် ကြီးမားသောထုထည်ကြီးတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်ဆဲဖြစ်ခဲ့သည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခလောင်းရိပ်ကို ဖောက်ထွက်ရာတွင်လည်း စစ်ဆင်ရေးများစွာ၊ စစ်ပွဲကြီးငယ်များစွာကို ရေရှည်စစ်ပွဲအသွင် အကြိမ်ကြိမ်ဆင်နွှဲခဲ့ရသည်။ တစ်ဖက်မှာလည်း လိုအပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ဖြည့်တင်းဝယ်ယူအသုံးပြုခဲ့ရခြင်းများရှိခဲ့ပါ၏။ အောင်သီဟစစ်ဆင်ရေး၊ ဟိုက်ကမ်းပါးတိုက်ပွဲ၊ ကွမ်းလုံရက်လေးဆယ်၊ ထော်ပိုင်၊ အောင်စိုးမိုး၊ အောင်သံလွင်၊ အောင်တံခွန်၊ ရဲရန်အောင်၊ ရွှေလင်းယုန်၊ စီစီဝမ်တာပန်၊ ပါဂျိုနားဖော့၊ မိုင်းယန်းမဲ့သဝေါစသည်ဖြင့် စစ်ဆင်ရေးကြီးများစွာတို့တွင် ပါဝင်တိုက်ပွဲဝင်ခဲ့ရပါသည်။

ပြည်ပကျူးကျော်မှုတွန်းလှန်စစ်နှင့်ပတ်သက်၍ ကူမင်တန်တပ်များ အင်အား ၁၂၀၀၀ ခန့်အထိ ဖြစ်လာမှုကို ၁၉၅၃ ခုနှစ် မတ်လမှစတင်ကာ မဟာစစ်ဆင်ရေး၊ နဂါးနိုင်စစ်ဆင်ရေးဆင်နွှဲခဲ့ရာတွင် လေကြောင်းမှပါဝင်တိုက်ခိုက်ခဲ့ပါသည်။ ဘုရင့်နောင်စစ်ဆင်ရေး (၁၉၅၄)၊ ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅)၊ မဲခေါင်စစ်ဆင်ရေးထိုးစစ်(၁၉၆၀)စသည့် စစ်ပွဲကြီးများတွင်လည်း လေကြောင်းပစ်ကူ အကြိမ်ရေများစွာဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ခြင်းရှိပါသည်။

ဤပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး စစ်ပွဲများနှင့် ပြည်ပကျူးကျော်မှု တွန်းလှန်စစ်ပွဲများ ကာလအတွင်း အသက်ပေါင်းများစွာစတေးခဲ့ရသည်။ ရင်နင့်စရာ၊ ရင်နာစရာအဖြစ်အပျက်များနှင့် စိတ်ခံစားမှုများကြုံခဲ့ရသည်။ ပြည်ထောင်စုကြီး ပြိုကွဲလုနီးနီးအချိန်မှစ၍ တပ်မတော်(ကြည်း)နှင့်လက်တွဲကာ ကြံ့ကြံ့ခံတိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်(လေ)အနေဖြင့် ဂုဏ်သိက္ခာပိုင်းအရဖြစ်စေ စိတ်ဓာတ်နှင့် ခံယူချက်အပိုင်းအရဖြစ်စေ အနှိုင်းမဲ့သစ္စာရှင်အဖြစ် ရပ်တည်လာနိုင်ခဲ့လေပြီ။ ဤမှန်ကန်သောသစ္စာ တရားအခြေခံသန္ဓေကောင်းသည် မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းဆောင်ယူခြင်းဖြင့် ယနေ့ တပ်မတော်(လေ)ကို စစ်အားမောင်းဖြည့်တင်းခိုင်မာခြင်းဖြစ်သည်။ ထုဆစ်လာနိုင်ခဲ့ပြီမဟုတ်ပါလား။

တစ်ဖက်တွင် စစ်ရေးတာဝန်ကို ရေကုန်ရေခန်းထမ်းရွက်ခဲ့ရသလို တစ်ဖက်တွင်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို တာဝန်မက စစ်ဆင်ရေးတမျှ အလေးထားဆောင်ရွက်ခဲ့ပါသည်။ ဘိန်းစိုက်ခင်း၊ ဘိန်းချက်စခန်းများကို လေကြောင်းမှ ကင်းထောက်ခြင်း၊ လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းစသည်ဖြင့် နှိမ်နင်းဆောင်ရွက်ခဲ့ရသည်။ ပန်ဝိစစ်ဆင်ရေး၊ မဲလုံးစစ်ဆင်ရေး၊ ဇင်နူးစစ်ဆင်ရေးတို့တွင် Bell-205 ရဟတ်ယာဉ်များအသုံးပြုခဲ့၏။ မိုးဟိန်းစစ်ဆင်ရေး (အဆင့် ၁မှ ၁၂ ထိ)နှင့် တောင်ရန်ရှင်းစစ်ဆင်ရေး (အဆင့် ၁ မှ ၄ ထိ)တို့အား အဆင့်လိုက် အမှတ်စဉ်များကပ်လျက် ဝေဟင်မှ ဆေးဖျန်းဖျက်ဆီးခဲ့ကြောင်း သိရပေသည်။

စာမျက်နှာ ၅ သို့ ➤

➤ စာမျက်နှာ ၄ မှအဆက်

သဘာဝဘေးအန္တရာယ်ဟုဆိုရမည့် နာဂစ်မုန်တိုင်းမြစ်ဝကျွန်းပေါ်ဝင်မွှေခြင်း(၂၀၀၈)၊ ကိုဗစ်ရောဂါဆိုးကြီးကျရောက်ခြင်း(၂၀၁၉)၊ မိုခါမုန်တိုင်း(၂၀၂၃)၊ မကွေး၊ စစ်ကိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် စသည်ဖြင့် နိုင်ငံအနှံ့အပြားဖြစ်ပွားလာသည့် ကပ်ရောဂါဆိုးအန္တရာယ်များမှ ကာကွယ်ရန် လေယာဉ်၊ ရဟတ်ယာဉ်များ အချိန်နှင့်တစ်ပြေးညီ ပျံသန်းလုပ်ဆောင်ခြင်းများရှိခဲ့ပါသည်။

တပ်မတော်(လေ)၏ အဓိကမောင်းနှင်အားမှာ ပျံသန်းရေးဖြစ်သဖြင့် နှစ်စဉ်မပျက် လေသူရဲများမွေးထုတ်ပေးလျက်ရှိခြင်းကပင် သမိုင်းပေးတာဝန်ထမ်းရွက်မှုမလစ်ဟင်းကြောင်း သိသာလှပေသည်။ ထူးခြားချက်အနေဖြင့် အမျိုးသားများသာမက အမျိုးသမီးများပင် လေသူရဲလောကၡ နေရာပေးလာခဲ့ပြီဖြစ်ကြောင်း တွေ့ရပါ၏။ ထို့ပြင် အမျိုးသမီးလေသူရဲများကို ယခင်က သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် ရဟတ်ယာဉ်များတွင်သာ တာဝန်ပေးခဲ့ရာမှ ယနေ့ဆိုလျှင် တိုက်လေသူရဲများနေရာ၌ပင် အစားထိုးတာဝန်ထမ်းဆောင်စေခဲ့ပြီးဖြစ်၏။ မြန်မာ့အမျိုးသမီးလောကအတွက် ခေတ်နှင့်အညီ ရင်ပေါင်တန်းစေရေးဖွင့်ပေးလိုက်သည့် တံခါးတစ်ချပ်ပင်တည်း။ အမျိုးသမီးတို့၏စိတ်ထား မိုးထိမြင့်မားခဲ့လေပြီ။ တပ်မတော်(လေ)အတွက်မူ ဆန်းသစ်စေသည့် စွမ်းအားဆင့်ပွားဆန့်ထွက်လာခြင်းပင်။ စင်စစ် လေသူရဲကောင်းများ မွေးထုတ်ခြင်းသည် မျိုးဆက်အဟောင်းနှင့်အသစ် အကူးအသန်းပေါင်းမီကမ်းသည့် ထိုက်တန်သောအမွေခံရယူခြင်းမျိုးဟုလည်း ဆိုနိုင်လောက်ပေ၏။

နိုင်ငံတကာမြင်ကွင်းတွင် အမျိုးသမီးတို့၏အခန်းမှာ မသေးလှ။ လေကြောင်းပညာရပ်နယ်ပယ်တွင် လေသူရဲများနှင့် အာကာသသူရဲကောင်းများအဖြစ်ပင် အမျိုးသမီးများ တာဝန်ထမ်းရွက်နေသည်မှာ ကြာခဲ့ပြီ။ အသံထက်မြန်သော ဂျက်တိုက်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များပင်ပေါ်ထွက်လာနေပြီဖြစ်ရာ စစ်လက်နက်ပစ္စည်းပိုင်း၏ တီထွင်ဆန်းသစ်မှု အဆန့်အထုတ်အဝန်းအဝိုင်းကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေရဆဲပင်။

တပ်မတော်(လေ)၏ လေကြောင်းလွင်ပြင်၊ လေကြောင်းရပ်ဝန်းဟုခေါ်ဆိုလောက်သည်က မိတ္ထီလာ အညာမြို့ကလေး။ ယင်းမြို့ကလေးသည်ပင်လျှင် လေကြောင်းပညာရပ်တို့ဆုံစည်းရာ၊ စက်မှုလုပ်ငန်းတို့တွန်းဖွင့်စီးမျှောရာဒေသဖြစ်သည်။ လေကြောင်းစွမ်းရည်ဗဟိုချက်ဟုခေါ်ဆိုနိုင်လောက်သည့် လေကြောင်းအတတ်သင်လေတပ်စခန်း၌ာနချုပ်မှာ ဤဒေသ၊ ဤမြို့ကလေးနှင့် အနီးကပ်ဆုံးနေရာတွင် တည်ရှိပါ၏။ ဤစခန်း၌ာနချုပ်ကို ဝိသေသပြုစရာအဖြစ် လေယာဉ်မောင်းသင်တန်းကျောင်းကလည်း သမိုင်းဂုဏ်ရောင်တဝင်းဝင်း၊ တမာပင်တန်းအခင်းအကျင်းကလည်း ရနံ့တသင်းသင်းဖြင့် ကြိုဆိုနေကြပေလိမ့်မည်။ ကြည့်စမ်း…၊ ဤကျောင်းရပ်မြေသည် လေသူရဲဇာနည်မော်များစွာတို့၏ မွေးဇာတိရပ်မြေတည်း။ ရှေးရှေးက စွန့်လွှတ်စွန့်စားအသက်ပေးတာဝန်ထမ်းခဲ့ကြသည့် နောင်တော့်နောင်တော် လေသူရဲကောင်းကြီးများ၏ သွေးဝိညာဉ်များ ကိန်းအောင်းနေပေလိမ့်မည်။ သည်အတွေးဝင်လာလျှင် ရင်ခုန်သံမြန်လာစေမည်။ မနီးမဝေးတွင် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းကြီးကလည်း ရှိနေပြန်သေးသည်။ ဘေးပတ်ဝန်းကျင်ဝယ် လေကြောင်းဆိုင်ရာ မြေပြင်အတတ်သင်ကျောင်းများတည်ရှိသည့် မြေပြင်အတတ်သင်လေတပ်စခန်း၌ာနချုပ်ရှိသည်။ သည်မှာ တစ်ဖက်တွင်လည်း လေကြောင်းပညာဝိညာဉ်ဟုခေါ်တွင်လောက်သည့် စက်မှုလုပ်ငန်းများပြားစုံလင်သည့် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေး၌ာနချုပ်ကြီးကလည်း ရှိသေးသည်။ တကယ်တော့ "Sky is the Limit"တဲ့။ 'တက်နိုင်ဖျားရောက်'ဟူသည် တပ်မတော်(လေ)ဆောင်ပုဒ်နှင့်အညီ ဤလေကြောင်းလွင်ပြင်ရပ်ဝန်းမှ သင်ကြားပို့ချတတ်မြောက်လာသည့် စွမ်းရည်ဖြင့် 'တက်နိုင်'ခဲ့လျှင် အခေါင်အဖျားထိတိုင် ရောက်လိမ့်မည်ဟု ညွှန်းပြုစာဆိုဖွင့်ဟခြင်းဖြစ်နိုင်ပါ၏။ တပ်မတော်(လေ)သည် သက်တမ်းရှည်လာခဲ့သည်နှင့်အမျှ အသိပညာ၊ အတတ်ပညာများ အမြဲတမ်းရှင်သန်ထက်မြက်ဖွံ့ဖြိုးတိုးတက်ရေးစဉ်ဆက်မပြတ်ဆောင်ရွက်လာခဲ့ရပေသည်။

စင်စစ်တပ်မတော်(လေ)သည် လင်းယုန်ငှက်၏ နှလုံးသားသန္ဓေမှန်ကို စံနမူနာပြုကာ အားမောင်းသန်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ အားမောင်းနှင့် အားမာန်သည် စွမ်းရည်ဖွဲ့တည်ကာ နိုင်ငံ့လက်ရုံး၊ ပြည်သူ့လက်ရုံးဖြစ်လာခဲ့ပေပြီ။ လင်းယုန်သည် ငှက်မျိုးစိတ်အကြီးအမှူး၊ သန်မာခြင်း၊ ခွန်အားကြီးခြင်း၊ ရန်အပေါင်းကို လျင်မြန်စွာဖြိုခွင်းနိုင်ခြင်း စသည့် စွမ်းရည်ထူးများရှိသည်။ ဖွဲမာန်ကြီးခြင်းနှင့် သန္နိဋ္ဌာန်စိတ်သည် ယင်း၏ ထူးခြားသောအားသာချက်ပင်ဖြစ်၏။ ထို့အတူ လေယာဉ်အမျိုးအစားများစွာတွင် တိုက်လေယာဉ်များတည်ဆောက်ထားမှုမှာ ဤစံနှုန်းအတိုင်းဟု ယူဆနိုင်၏။ တိုက်လေသူရဲအမည်ခံ သံမဏိငှက်များအပိုင်းမှာလည်း စွန့်လွှတ်စွန့်စားနှလုံးသားပုံရိပ်များတွင် ဤသဘောအတိုင်းပင် ကြံ့ခိုင်မာသန်ကြောင်း မြင်တွေ့ရပေလိမ့်မည်။

ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့သည် တပ်မတော်(လေ) မွေးနေ့ သို့မဟုတ် နှစ်ပတ်လည်နေ့ဖြစ်သည်။ လွန်လေပြီးသော ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှစတင်ခဲ့သည့် တပ်မတော်(လေ)သည် နှစ်ကာလသတ်မှတ်ချက်ရတုများစွာကို ကျော်လွှားဖြတ်သန်းလာခဲ့သည်မှာ (၇၇)နှစ်တိုင်ခဲ့လေပြီ။ နှစ်(၈၀)ပြည့်မြောက်ခဲ့လျှင်ဖြင့် 'ဝက်သစ်ချရတု'သို့ ရောက်ရှိလာပေလိမ့်ဦးမည်။ နှစ်ပေါင်းရှည်ကြာ ချီတက်လာခဲ့သည့် ခရီးကြမ်းတစ်လျှောက် သစ္စာရှိရှိ တပ်မတော်(ကြည်း)နှင့်တွဲကာ ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန်ထမ်းရွက်ခဲ့သည်။ တစ်ဖက်တွင်လည်း မိမိတပ်ဖွဲ့ဆိုင်ရာအရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်ပြည့်ဝရေး၊ စစ်ဗျူဟာမြောက်လေ့ကျင့်သားပြည့်ဝရေးအပြင် ခေတ်မီစစ်လက်နက်ပစ္စည်းများပိုင်နိုင်ကျွမ်းကျင်ရေးတို့ကို ဂရုတစိုက်ဆောင်ရွက်လာခဲ့ပေသည်။

ယနေ့ခေတ်တွင် နိုင်ငံတော်၏ပံ့ပိုးဆောင်ရွက်မှု၊ စီမံခန့်ခွဲလမ်းဖွင့်ပေးမှုတို့ဖြင့် 'တပ်တော်ဝင်'ရွှေရောင်နေ့ရက်များကို လက်တွေ့ပိုင်ပိုင်ထိတွေ့နိုင်ခွင့်ရရှိခဲ့လေပြီ။ တပ်တော်ဝင်အခမ်းအနားသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် လေယာဉ်၊ ရဟတ်ယာဉ် ဖြည့်တင်းလွှဲပြောင်းပေးခြင်းဖြစ်ရာ တိုးကာတွန်းကာ…ဖောက်ထွက်လာသည့် တပ်မတော်(လေ)၏ ဆန့်ထုတ်စွမ်းရည်များဖြစ်လာပေလိမ့်မည်။ စင်စစ်တပ်တော်ဝင်အခမ်းအနားသည် မြန်မာ့တပ်မတော်၏ ရည်မှန်းချက် Standard Army 'အရွေ့'တစ်ခုဖြစ်စေတန်ရာသော အခြေခံကျကျခင်းဖြန့်လိုက်သည့် သေနင်္ဗျူဟာကွန်ရက်အဖွင့် ဖြစ်နိုင်လောက်ပေ၏။ ကြည့်လေ…၊ စစ်လက်နက်ပစ္စည်းဆန်းသစ်မှုနှင့်ဖွံ့ဖြိုးမှုအပေါ် လွန်းထိုးမြော်မြင်တွန်းတင်လာခြင်းသည် ကာကွယ်ရေးသမိုင်းအတွက် လာခြင်းကောင်းသော လက်ဆောင်မွန်ပင်ဖြစ်ပါ၏။

လင်းအရုဏ်ဦးနှင့်အတူ ပန်းများဖူးပွင့်လာကြသည်။ မိုးအကုန်အနှောင်း ဆောင်းဝင်ခဲ့လေပြီ။ လေအဟေ့ဝယ် ချမ်းချမ်းမြမြခံစားရသည်။ တစ်ချက်တစ်ချက် လေနှင့်အတူစီးမျောလာသည့် တမာရနံ့ကြောင့် လန်းလန်းဆန်းဆန်းနှင့် စိတ်ခံစားမှုရှင်းသန့်လှပါ၏။

တိမ်ပြာသောကောင်းကင်ဝယ် အညာနေသည် နှင်းမြူစဘဝကိုတွန်းဖွင့်ရန် မာန်တင်းစပြုလေပြီ။ လေကြောင်းအတတ်သင်လေတပ်စခန်း၌ာနချုပ်၏ အနောက်ဘက်ကျကျ လေယာဉ်ပြေးလမ်းကို နောက်ခံပြုကာ ကျင်းပမည့်အခမ်းအနား၊ အစီအစဉ်တစ်ခုရှိနေသည်။ ပြေးလမ်းကွန်ကရစ်သားပေါ်တွင် စီစီရီရီရပ်ထားသည့် အမျိုးအစားစုံလေယာဉ်၊ ရဟတ်ယာဉ်များ ပြီးတော့ အလံတိုင်များထူလွှင့်ထားသည့် လေယာဉ်ပြေးလမ်းဖြင့်လည်း စစ်ရေးပြကွင်း၊ ဧည့်ပရိသတ်နားနေဆောင် စသည်စသည်ဖြင့် တစ်ကန့်စီတစ်ကန့်စီ စီစဉ်ထားရှိမှုမှာ စနစ်တကျပင်။ စင်စစ် တပ်တော်ဝင်အခမ်းအနားမြင်ကွင်းပင်တည်း။ မကြာမီ သက်ဝင်လှုပ်ရှားလာပေဦးတော့မည်။ ကျွန်တော် ရင်ခုန်နေမိသည်။

တကယ်တော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်ဦးဆောင်ဖွင့်လှစ်ခြင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များ ဖြည့်တင်းလွှဲပြောင်းပေးသည့်အစီအစဉ်ပါဝင်နေသည်မို့ အဆန်းတကြယ်ပြုပြောခြင်းထက် အဆင့်အတန်းရှိသော၊ တန်ဖိုးကြီးမြင့်သောပွဲသဘင်ဟု ပြောနိုင်ပါ၏၊ ပြောလိုပါ၏။

နိုင်ငံတော်အကြီးအကဲများ ဦးဆောင်သည့်ပွဲဖြစ်သည်နှင့်လျော်ညီစွာ စနစ်တကျတစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်မှာ ရင်သပ်ရှုမောစရာပင်။ ဖြည့်တင်းလွှဲပြောင်းပေးမည့်လေယာဉ်၊ ရဟတ်ယာဉ်များကို အောင်သပြေပန်းများဖြင့် အမွှေးနံ့သာပက်ဖျန်းကာ တပ်တော်ဝင်မှတ်တမ်းတင်ခြင်းအပိုင်းမှာ ကြည်နူးဖွယ်ခံစားမှုတစ်ရပ်ဖြစ်စေပြန်ပါသည်။

ကျွန်တော့်ရင်မှာ အစွဲမက်ဆုံးကတော့ လေသူရဲများ၏ လေယာဉ်ကိုစွမ်းရည်ပြသမောင်းနှင်ခြင်း သရုပ်ပြအပိုင်းဖြစ်သည်။ လေယာဉ်အမျိုးအစားအလိုက် လေသူရဲများ၏ကျွမ်းကျင်မှုကိုဖော်ပြသည့် စွမ်းရည်သရုပ်ပြဆောင်ရွက်မှုသည် ထိတ်လန့်အံ့သြဖွယ်၊ ရင်တသိမ့်သိမ့်နင့်နင့်နဲနဲခံစားရပါသည်။ မြန်မာ့လေသူရဲများ၏ ကြောက်ရွံ့မဲ့စွာလေယာဉ်ကိုလိုသလို ကျွမ်းကျွမ်းကျင်ကျင်မောင်းနှင်ပြသမှုတို့မှာ ရင်သပ်ရှုမောဖြစ်ရသည်။ သာမန်လူတို့ ဆောင်ရွက်ရန်ခက်ခဲသည့်ကိစ္စ၊ သူတို့၏ရဲစွမ်းသတ္တိနှင့် စွန့်စားမှုများကို လေးစားဂုဏ်ယူမိပါသည်။

ကျွန်တော်ထင်ပါသည်၊ တပ်မတော်(လေ)သည် စွမ်းရည်အရာ၌ တင့်သည်ထက်တင့် မြင့်သည်ထက်မြင့်လာနေသည်မှာ အမှန်ဖြစ်၏။ သန္ဓေမှန်အကြောင်းအရပ်နှင့် ကောင်းမြတ်မာသန်သည့် အားမောင်းလည်းပြည့်စုံခဲ့လေပြီ။ ၂၀၁၀ ပြည့်နှစ်မှစ၍ တပ်တော်ဝင်အခင်းအကျင်းနှင့် အလျဉ်းသင့်သလိုဖြည့်တင်းလာခဲ့သည့်စစ်ခွန်အားလည်း မြင့်မားမှုအဆင့်တစ်ဆင့်သို့ ရောက်ရှိခဲ့လေပြီ။

တပ်တော်ဝင်သည် မော်ကွန်းတင်သည့် သမိုင်းဖြစ်စဉ်ဖြစ်သကဲ့သို့ သမိုင်းသစ်ဖော်ညွှန်းခြင်းလည်းဖြစ်နေနိုင်သည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်(လေ)သည် ဤသမိုင်းကို အနာဂတ်သို့တိုင် ယူဆောင်သွားပေလိမ့်မည်။ ထိုအခါ ပြည်ထောင်စုသမိုင်းအဖြစ် အနာဂတ်သို့ယူဆောင်သွားပေလိမ့်မည်။ ထိုအခါ ပြည်ထောင်စုသမိုင်းအဖြစ် တလွင်လွင်တောက်ပနေသည့် ရွှေရောင်နေ့ရက်များဖြစ်လာလိမ့်ဦးမည်ဟု ကျွန်တော်ယုံကြည်နေပါသည်။ မျှော်လင့်နေပါသည်။ ဖြစ်လည်းဖြစ်လာပါလိမ့်မည်။

## ဆင့်ကမ်းအမွေ တပ်မတော်(လေ) ဝေဟင်တစ်လွှား ဝင့်ဝင့်ကြွား

- တစ်ကိုးလေးခွန် နှောင်းလလွန်တွင်
ကောင်းလှမွန်တဲ့ လမြတ်မဟာ၊
ဒီဇင်ဘာတစ်ဆယ့်ငါး
မွေးဖွားလို့လာ၊
လွတ်လပ်ရေးတွက် သူ့အစဉ်သာ
တူယှဉ်ကာ တည်ထောင်ဖွဲ့၊
ခချိန်ခါ ခွန်ခွန်မြောက်
ထွန်းတောက်ဆောင်ခဲ့။

- နှစ်ပတ်လည် (၇၇)နှစ်မြောက်
ညွှန်းလောက်တဲ့ ဂုဏ်ဒြပ်တွေ၊
လေယာဉ်၊ ရဟတ်ယာဉ် စွမ်းပကား
အံ့မခန်းလောက်ပေ၊
တို့ပိုင်နက် အမိမြေရေ
ထိပါးစေ ကျူးကျော်ငြား၊
သွေးသက်ကို အပ်လို့နှင်း
ဖြိုခွင်းမည့်သား။

- တပ်မတော်(လေ) ဆွေဖော်တစ်သင်း
သွေးသားရင်း ညီနောင်တွေ၊
ပညာမွေ လက်ဆင့်ကမ်း
ဆောင်ထမ်းမျှဝေ၊
ပညာပြည့်ဝ နှလုံးလှစေ
မိမြန်ပြေ ကာကွယ်ရေး၊
တိုက်ပွဲဝင် မြဲစဉ်အသင့်
ရဲရင့်နီစွေး၊
တိုက်ပွဲဝင် အဆင့်မြှင့်
ဂုဏ်ဝင့်ဖို့ လေ့ကျင့်အစဉ်၊
သုံးရပ်စွမ်းရည် ရေးသုံးပါး
လေးထားပန်ဆင်။

- စိတ်ဓာတ်စည်းကမ်း သစ္စာယှဉ်
ကမ္ဘာတွင် မီနိုင်ရိုးလား၊
တပ်မတော်(လေ) စဉ်လာကောင်းတွေနှင့်
အရပ်ကျော်စေ မယှဉ်သာကြောင်းသာပ
ပြည်ရွာအပေါင်းတို့ သိစေချင်
ပြည့်မြေရေ ဝေဟင်တစ်လွှားမှာ
စွန့်စားကာ ရန်စွယ်အပေါင်းကိုလ
(သွေးချင်းတို့ရေ)
မောင်းထုတ်လို့တား။ ။

ရွှေညာမြေမြတ်သင်းကြိုင်

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုး သမ္မတအာဏာများ ရုပ်သိမ်းခံရ



**ဆိုးလ် ဒီဇင်ဘာ ၁၄**

စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန်ကြိုးပမ်းမှုဖြင့် သမ္မတယွန်ဆွတ်ယိုးကို စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် တောင်ကိုရီးယားလွှတ်တော်က ယနေ့တွင် မဲခွဲအတည်ပြုခဲ့ကြောင်း သိရသည်။

လွှတ်တော် မဲခွဲပွဲရလဒ်အရ ယွန်ဆွတ်ယိုးအနေဖြင့် သမ္မတအာဏာကျင့်သုံးခွင့် ရုပ်သိမ်းခံခဲ့ရပြီဖြစ်ကြောင်း သိရသည်။

သမ္မတယွန်ဆွတ်ယိုးကို ရာထူးမှ ဖယ်ရှားရန် သင့် ၊ မသင့်အား တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ခြောက်လအတွင်း အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။

ယွန်ဆွတ်ယိုး၏ သမ္မတအာဏာများရုပ်သိမ်းခံခဲ့ရပြီးနောက် တောင်ကိုရီးယား ယာယီသမ္မတအဖြစ် ဝန်ကြီးချုပ်ဟန်ဒက်ဆိုးက တာဝန်ယူထားကြောင်း သိရသည်။

သမ္မတ စွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ် စတင်ရေးအဆိုကို တောင်ကိုရီးယား လွှတ်တော်က ယနေ့တွင် မဲခွဲခဲ့ရာ လွှတ်တော်အမတ် ၂၀၄ ဦးတို့က ထောက်ခံမဲပေးခဲ့ကြပြီး ၈၅ဦးတို့က ကန့်ကွက်မဲပေးခဲ့ကြသည်။

သမ္မတ စွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ် စတင်ရေးအဆိုကို ထောက်ခံမဲ ပေးခဲ့ကြသူများထဲတွင် ယွန်ဆွတ်ယိုး၏ လက်ရှိအာဏာရ ပြည်သူ့အာဏာပါတီမှ လွှတ်တော်အမတ် ၁၂ ဦးလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## သေဒဏ်ပြစ်ဒဏ်ချမှတ်မှုဖျက်သိမ်းရေးဥပဒေကြမ်း ဇင်ဘာဘွေအထက်လွှတ်တော် အတည်ပြု

**ဟာရာရီ ဒီဇင်ဘာ ၁၄**

သေဒဏ်ပြစ်ဒဏ် ချမှတ်မှုဖျက်သိမ်းရေးဥပဒေကြမ်းတစ်ရပ်ကို ဇင်ဘာဘွေအထက်လွှတ်တော်က ဒီဇင်ဘာ ၁၂ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အထက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် သမ္မတ အမ်နန်ဂါဂွါက လက်မှတ်ရေးထိုးပြီးချိန်တွင် အဆိုပါဥပဒေကြမ်းမှာ ဥပဒေအဖြစ် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် သေဒဏ်ကျ တရားခံတစ်ဦးကို ကွပ်မျက်ခဲ့သည်။

သေဒဏ်ကျတရားခံကွပ်မျက်သူရာထူး ရယူလိုသူမည်သူမျှမရှိခြင်းကြောင့်လည်း ဇင်ဘာဘွေနိုင်ငံအနေဖြင့် သေဒဏ်စီရင်မှုများကို နှစ် ၂၀ နီးပါးကြာ ရပ်ထားခဲ့ရသည်။

ဇင်ဘာဘွေသမ္မတ အမ်နန်ဂါဂွါသည်သေဒဏ်ပြစ်ဒဏ်ချမှတ်မှုကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်သူတစ်ဦးဖြစ်သည်။

သမ္မတအမ်နန်ဂါဂွါကိုယ်တိုင်သည်လည်း ဇင်ဘာဘွေနိုင်ငံ၏ ၁၉၆၀ ပြည့်နှစ် ဇင်ဘာဘွေလွတ်လပ်ရေး စစ်ပွဲကာလအတွင်း သေဒဏ်ချမှတ်ခံခဲ့ရဖူးပြီးနောက်ပိုင်းတွင် ထောင်ဒဏ် ၁၀ နှစ် ပြောင်းလဲချမှတ်ခံရသူတစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်သမ္မတ ရှီကျင့်ဖျင် မကာအိုသို့ သုံးရက်ကြာခရီးစဉ်အဖြစ် သွားရောက်မည်



**ပေကျင်း ဒီဇင်ဘာ ၁၄**

တရုတ်သမ္မတရှီကျင့်ဖျင်သည် မကာအိုဒေသ တရုတ်ပြည်မ၏ အချုပ်အခြာအောက် ပြန်လည်ရောက်ရှိမှု ၂၅ နှစ်ပြည့် အခမ်းအနားတက်ရောက်ရန် မကာအိုသို့ သုံးရက်ကြာခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခရီးစဉ်သည် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မကာအို ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးသစ် ဆမ်ဟိုဖိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည်ဖြစ်သည်။

မကာအို အုပ်ချုပ်ရေးမှူးသစ် ဆမ်ဟိုဖိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို တရုတ်ပြည်မကြီးအချုပ်အခြာအောက် မကာအိုပြန်ရောက်ခဲ့ရသည့်နေ့ဖြစ်သော ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အသက် ၆၂ နှစ်ရှိ မကာအို အုပ်ချုပ်ရေးမှူးသစ် ဆမ်ဟိုဖိုင်ကို ယခုနှစ် အောက်တိုဘာလတွင် မကာအို အုပ်ချုပ်ရေးမှူးသစ်အဖြစ် ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်သည်။

မကာအိုသည် ပေါ်တူဂီနိုင်ငံ၏ ကိုလိုနီနယ်မြေအဖြစ် နှစ်ပေါင်း ၄၄၂နှစ်ကြာ ရပ်တည်ခဲ့ရပြီးနောက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် တရုတ် အချုပ်အခြာအောက်သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဆီးရီးယားနိုင်ငံ မောင့်ဟာမွန်တောင်၌ တပ်စွဲထားရန် အစ္စရေးတပ်များကို ကာကွယ်ရေးဝန်ကြီးညွှန်ကြား



**ဒမတ်စကတ် ဒီဇင်ဘာ ၁၄**

ဆီးရီးယား နိုင်ငံအတွင်းရှိ မောင့်ဟာမွန်တောင်၌ ဆောင်းရာသီကာလအတွင်း တပ်စွဲထားရန် အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်က အစ္စရေးတပ်များကို ဒီဇင်ဘာ ၁၃ ရက်တွင် ညွှန်ကြားထားကြောင်း သိရသည်။

မောင့်ဟာမွန်တောင် သည် ဆီးရီးယားနှင့် လက်ဘနွန်နှစ်နိုင်ငံနယ်စပ်ကိုခွဲ၍တည်ရှိနေပြီး ဆီးရီးယားနိုင်ငံဒမတ်စကတ်မြို့ကို စီးမိုးတည်ရှိနေသည့် မဟာဗျူဟာမြောက်တောင်တန်းဖြစ်သည်။

ဆီးရီးယားပြည်တွင်း၌ ပေါ်ပေါက်နေသော အခြေအနေများအရ မောင့်ဟာမွန်တောင်ပေါ်၌ အစ္စရေးတပ်ဖွဲ့ဝင်များ တပ်စွဲထားရေးမှာ လုံခြုံရေးအရ အရေးကြီးကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေး တပ်ဖွဲ့ဝင်များသည် ဆီးရီးယားအစိုးရ ဒီဇင်ဘာ ၈ရက်တွင် ပြိုကွဲခဲ့ပြီးနောက် ဆီးရီးယားဘက်ခြမ်းရှိ ကြားခံဇုန်ကို အစ္စရေးတပ်များက ဝင်ရောက်ထိန်းချုပ်ထားသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး၏ ညွှန်ကြားချက်အရ အစ္စရေးတပ်များအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း၌ ရေရှည်ဆက်ရှိနေမည့်အခြေအနေရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ဆီးရီးယားနိုင်ငံ အတွင်းရှိ ကြားခံဇုန်ကို အစ္စရေးတပ်များ ထိန်းချုပ်ထားမှုကို ပြင်သစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) အပါအဝင် နိုင်ငံအများအပြားက ကန့်ကွက်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် တရုတ်နှင့်အမေရိကန်တို့ သက်တမ်းထပ်တိုး

**နယူးယောက် ဒီဇင်ဘာ ၁၄**

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဒီဇင်ဘာ ၁၃ ရက်တွင် နှစ်နိုင်ငံကြား သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် တစ်ရပ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်- တရုတ် သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်(အက်စ်တီအေ)အမည်ရှိ အဆိုပါသဘောတူညီချက်အား သက်တမ်းထပ်တိုးခဲ့မှုကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

ရီပတ်ဘလီကန် လွှတ်တော်အမတ်များက ကန့်ကွက်နေကြသော်လည်း တရုတ်နိုင်ငံနှင့် ရယူထားသည့် အက်စ်တီအေသဘောတူညီချက်ကို လက်ရှိအမေရိကန်အစိုးရက သက်တမ်းထပ်တိုးခဲ့ခြင်းဖြစ်သည်။

အက်စ်တီအေ သဘောတူညီချက် သက်တမ်းထပ်တိုးရေးကိစ္စကို ဒေါ်နယ်ထရန့် ဦးဆောင်မည့် အစိုးရအဖွဲ့လက်ဝယ်သို့ လွှဲပေးသင့်ကြောင်း ရီပတ်ဘလီကန် လွှတ်တော်အမတ်များက ပြောကြားထားသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် အက်စ်တီအေ သဘောတူညီချက်ကို ၁၉၇၉ ခုနှစ်အတွင်း ရယူခဲ့ပြီး ယင်းနောက်ပိုင်းငါးနှစ်လျှင် တစ်ကြိမ်ကျ သဘောတူညီချက်ကို သက်တမ်းထပ်တိုးခဲ့ကြသည်။

ယင်းသဘောတူညီချက်ကြောင့် ပြီးခဲ့သည့် ၄၅ နှစ်တာ ကာလအတွင်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် သိပ္ပံနယ်ပယ်များ၌ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်းကို Space-X ကုမ္ပဏီ လွှတ်တင်ခဲ့




**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၁၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၂ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး မိနစ် ၆၀ အကြာတွင် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၁၂၀ ကျော် လွှတ်တင်ခဲ့ရာ ၎င်းမစ်ရှင်များ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၇၀၀၀ ကျော်လွှတ်တင်ထားပြီး ၆၈၀၀ မှာ ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်က အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၏အနားစွန်းသို့ အောင်မြင်စွာရောက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၏ အနားစွန်းသို့ အောင်မြင်စွာရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက်သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအနားစွန်းသို့ရောက်ရှိရေးအတွက် အမြင့်ပေ ၁၆၄၀ ကို ၃ ဒသမ ၅ လကြာ အချိန်ယူ တက်ရောက်ခဲ့ရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနားစွန်းပေါ်သို့ ဒီဇင်ဘာ ၁၀ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု နာဆာတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကို ရှာဖွေရန် ယခုနှစ် ဖေဖော်ဝါရီလတွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း နယ်မြေအတွင်း စတင်ဝင်ရောက်ခဲ့သည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနားစွန်းနယ်မြေ၌ Northern Rim အမည်ရှိ စူးစမ်းလေ့လာရေးမစ်ရှင်ကို စတင်နေပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

Northern Rim မစ်ရှင်အရ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၂၅ ခုနှစ်အတွင်း ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနားစွန်း၌ နေရာလေးနေရာထိ ရွှေ့ပြောင်း သွားလာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## လေဆာဆက်သွယ်ရေးစနစ် စမ်းသပ်ဂြိုဟ်တုငါးစင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၁၄**

လေဆာဆက်သွယ်ရေးစနစ် စမ်းသပ်ဂြိုဟ်တုငါးစင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ဒီဇင်ဘာ ၁၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ လေဆာရောင်ခြည် ဆက်သွယ်ရေးစနစ် စမ်းသပ်ဂြိုဟ်တုများကို လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် ချိကွမ်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လောင်းမတ်ချ်-၂ ဒီ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တုငါးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဂြိုဟ်တုများသည် ကမ္ဘာ့ပတ် လမ်းကြောင်းပေါ်၌ ဂြိုဟ်တုတစ်စင်းနှင့်တစ်စင်းကြား လေဆာရောင်ခြည် ဆက်သွယ်ရေးစနစ်ဖြင့် ဆက်သွယ်မှုကို စမ်းသပ်မည်ဖြစ်သည်။

ဒီဇင်ဘာ ၁၂ ရက်မစ်ရှင်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီအတွက် ယခုနှစ်၏ ၆၃ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင်မူ တရုတ်နိုင်ငံသည် အာကာသမစ်ရှင်ပေါင်း ၆၇ ခုထိ စံချိန်တင်လွှတ်တင်ခဲ့သည်ဟု တရုတ် အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဆယ်ကျော်သက်အရွယ်များ ဆေးလိပ်သောက်သုံးမှုက နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်

**နယူးယောက် ဒီဇင်ဘာ ၁၄**

ဆယ်ကျော်သက်အရွယ်များ၌ ဆေးလိပ်ကို လက်တည့်စမ်းသောက်သုံးမှုသည် နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ကြောင်း ဒီဇင်ဘာ ၁၃ ရက်သတင်းများအရ သိရသည်။

ဆယ်ကျော်သက်ဘဝ အပျော်သဘော ဆေးလိပ်သောက်သုံးမှုကြောင့် အရွယ်ရောက်လာချိန်၌ ဆေးလိပ်စွဲလာနိုင်ခြေ မြင့်တက်လာနိုင်သကဲ့သို့ နှလုံးကျန်းမာရေးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုရှိတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ဆယ်ကျော်သက်ဘဝ ဆေးလိပ်သောက်သုံးမှုကြောင့် နောက်ပိုင်းတွင်လည်း အလေ့အထစွဲသွားနိုင်သကဲ့သို့ နှလုံးကြွက်သားများနှင့် နှလုံးလည်ပတ်မှုတို့မှာလည်း ငယ်ငယ်ရွယ်ရွယ်တွင် ထိခိုက်ပျက်စီးသွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာချက်အရ ဆယ်ကျော်သက် ဘဝမှသည် လူငယ်ဘဝရောက်ချိန်ထိ ဆေးလိပ်သောက်သုံးသူများ၌ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် နှလုံးထိခိုက်ပျက်စီးနိုင်ခြေ ၅၀ ရာခိုင်နှုန်း မြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ဆယ်ကျော်သက်ဘဝ ဆေးလိပ်သောက်သုံးမှုကြောင့် နှလုံးအရွယ်အစားကြီးလာခြင်း၊ နှလုံးအတွင်းသို့ သွေးဝင်ရောက်ချိန် ဖိအားမြင့်တက်လာခြင်း စသည့် ပြဿနာများမှာ အသက် ၂၄ နှစ်အရောက်တွင်ပေါ်လာနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူငယ်ပေါင်း ၁၉၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အရေပြားရောဂါများအတွက် ကုထုံးသစ် သဲလွန်စကို ဆေးပညာရှင်များရရှိထား

**နယူးယောက် ဒီဇင်ဘာ ၁၄**

ရိုဆေးရှား (Rosacea) နှင့် နှင်းခူနာကဲ့သို့ အရေပြားရောဂါများအတွက်ထိရောက်သည့်ကုထုံးသစ်တစ်ရပ်၏ သဲလွန်စကို ဆေးပညာရှင်များက ရရှိထားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက်သတင်းများအရ သိရသည်။

Mast Cell ဟုခေါ်သည့် အရေပြားဆဲလ်များသည် ရိုဆေးရှားရောဂါနှင့် နှင်းခူရောဂါကဲ့သို့ အရေပြားရောဂါရှိသူများ၌ ရောင်ရမ်းမှုနှင့် ယားယံမှုများဖြစ်ပွားရာတွင် အဓိကနေရာ၌ ပါဝင်နေသည့် ဆဲလ်များဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် အထက်ပါ Mast Cell ဆဲလ်များကို ထိန်းချုပ်နိုင်သည့် SYM 2081 အမည်ရှိ ဓာတုဒြပ်ပေါင်းတစ်မျိုးကို အမေရိကန်နိုင်ငံ ပစ်ဘာ့ချ်တက္ကသိုလ်မှ သုတေသနပညာရှင်များက တွေ့ရှိထားကြောင်း သိရသည်။

SYM 2081 ဓာတုဒြပ်ပေါင်းသည် ရိုဆေးရှားအပါအဝင် အရေပြားရောဂါများအတွက် ထိရောက်သည့်ကုထုံးဖန်တီးရာတွင် သော့ချက်ဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ Mast Cell ဆဲလ်များတွင် ရောင်ရမ်းမှုကို အားပေးသည့် ဟစ္စတာမိုင်း (Hist-amine) ခေါ် ဓာတုပစ္စည်းတစ်မျိုး ရှိနေတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အားကစားစိတ်ဓာတ်အပြည့်ဝဆုံး ကစားသမားဆုကို ဒီမီထရော့ဗ် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ပရော်ဖက်ရှင်နယ်များ တင်းနစ်အဖွဲ့ချုပ်(ATP)က ယခုနှစ်အတွက် အားကစားစိတ်ဓာတ် အပြည့်ဝဆုံးသော တင်းနစ်ကစားသမား Stefan Edberg Sportsmanship Award ဆုရှင်အဖြစ် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဗ်က ရွေးချယ်ခံခဲ့ရကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဒီမီထရော့ဗ်သည် အဆိုပါဆုအတွက် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်အားကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် Stefan Edberg Sportsmanship Award ကို အယ်ကာရက်ဇ်က ဆွတ်ခူးခဲ့ပြီး ယခုနှစ်တွင်လည်း အဆိုပါဆုကို ထပ်မံဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ယခုနှစ်တင်းနစ်ရာသီအတွင်း ပြိုင်ပွဲတချို့တွင် အယ်ကာရက်ဇ်သည် စွမ်းဆောင်ရည်ပိုင်းအပေါ် အားမလိုအားမရဖြစ်ခဲ့သည့်အတွက်ကြောင့် တင်းနစ်ရိုက်တံများအား ရိုက်ချိုးခဲ့သည့် အပြုအမူများ ကျူးလွန်ခဲ့သည့်အတွက် Stefan Edberg Sportsmanship Award ဖြင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

Stefan Edberg Sportsmanship Award ဆုအား ဆွတ်ခူးခဲ့ပြီးနောက် ဒီမီထရော့ဗ်က "Stefan Edberg Sportsmanship Award ကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော့်ကို မဲပေးခဲ့ကြတဲ့ ပရိသတ်တွေနဲ့ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားတိုင်းကို ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော့်ကို အားပေးခဲ့ကြတဲ့ တစ်ဦးချင်းစီတိုင်းရဲ့ မဲပေးမှုကြောင့် ကျွန်တော် ဒီဆုကိုရခဲ့တာဖြစ်ပါတယ်။ အခုလို ပရိသတ်တွေရဲ့ အားပေးမှုတွေကို ရနေတာဟာ ကျွန်တော့်အတွက်တော့ ကံကောင်းခြင်းတစ်ရပ်ပါပဲ။ ရှေ့လျှောက်မှာလဲ ကျွန်တော့်အနေနဲ့ ဒီထက်ပိုကောင်းအောင် ကြိုးစား ကစားသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဒီမီထရော့ဗ်အနေဖြင့် လာမည့် တင်းနစ်ရာသီတွင် အကောင်းဆုံး စွမ်းဆောင်ရည် ပြသနိုင်အောင် ကြိုးစားသွားမည်ဟု ပြောကြားခဲ့သလို ပရော်ဖက်ရှင်နယ်ကစားသမားတိုင်းနှင့် လူတစ်ဦးတစ်ယောက်ချင်းစီကိုလည်း လေးစားမှုအပြည့်ဖြင့် ဆက်ဆံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ref : RT

Trs : AZL




## အားကစားသတင်းအတိုအထွာများ

- ဘာရိုက်တန်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ သတ်မှတ်ထားသည့် ဂျာအိုပက်ထရိုကို ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ကမ်းလှမ်းမှုပြုလုပ်နေကြောင်း သိရသည်။
- စပါးအသင်းက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တီမိုဝါနာကို ခြေစွမ်းပိုင်းကျဆင်းနေမှုကြောင့် အပြီးသတ်ခေါ်ယူမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၃ -၂၀၂၄ ဘောလုံးရာသီက အမြတ်ငွေစံချိန်တင်ရရှိခဲ့ကြောင်း မန်စီးတီးအသင်းထုတ်ပြန်



**မန်ချက်စတာ ဒီဇင်ဘာ ၁၄**

မန်စီးတီးအသင်းက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အသင်းအနေဖြင့် အကျိုးအမြတ် စတာလင်ပေါင် ၂၁၅ သန်းထိ ရရှိခဲ့သဖြင့် ထိပ်သီးအသင်းများထဲတွင် အမြတ်ငွေ စံချိန်တင်ရရှိခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် လက်မှတ်ရောင်းချမှုများ၊ ကစားသမားရောင်းချမှုများနှင့် အခြားကဏ္ဍများမှ အမြတ်ငွေ စတာလင်ပေါင် ၂၁၅ သန်းထိ ရရှိခဲ့သဖြင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကထက် စတာလင်ပေါင် ၂ ဒသမ ၂ သန်းထိ ပိုမိုရရှိခဲ့ပြီး ပရီးမီးယားလိဂ်အသင်းကြီးများထဲတွင် စံချိန်တင်အမြတ်ရရှိခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း ၁၀၀ ကျော် ချိုးဖောက်ခဲ့မှုကြောင့် အက်ဖ်အေ၏ စစ်ဆေးမှုခံယူနေရပြီး ပြစ်မှုထင်ရှားပါက တန်းဆင်းရမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် နည်းပြဂွါဒီယိုလာ တာဝန်ယူပြီးနောက် ဆုဖလားအောင်မြင်မှုများ ရရှိခဲ့ပြီး ပရီးမီးယားလိဂ်ဆုဖလား ငါးကြိမ်ဆက်တိုက် စံချိန်တင်ရရှိခဲ့သော်လည်း ယခုနှစ်တွင် ပြိုင်ပွဲစုံ၌ ရလဒ်ကောင်းရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ၂၀၂၃ -၂၀၂၄ ဘောလုံးရာသီ ပြင်သစ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူး အမ်ဘာက်ပီဆွတ်ခူး

**ပဲရစ် ဒီဇင်ဘာ ၁၄**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပြင်သစ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာက်ပီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမ်ဘာက်ပီသည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အသင်းဟောင်း ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် ပြင်သစ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် မဲပေးရွေးချယ်မှုတွင် ၅၆ မှတ်ထိရရှိခဲ့ပြီးနောက် အာဆင်နယ်အသင်းမှ ခံစစ်ကစားသမား ဆာလီဘာကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပြင်သစ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် မဲပေးမှုရလဒ်တွင် အမ်ဘာက်ပီ၏နောက်၌ အာဆင်နယ်အသင်းမှ ဆာလီဘာက ၅၁ မှတ်ဖြင့် ဒုတိယ၊ အေစီမီလန်အသင်းဂိုးသမား မိုင်နန်က ၂၄ မှတ်ဖြင့် တတိယ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ကာမာဗင်ဂါက ၁၇ မှတ်ဖြင့် စတုတ္ထ၊ ချူအာမန်ဒီက ၁၆ မှတ်ဖြင့်ပဥ္စမ၊ အေတီကိုအသင်းမှ ဂရစ်မန်းက ၁၅ မှတ်ဖြင့် ဆဋ္ဌမနေရာတွင် အသီးသီးရပ်တည်နိုင်ခဲ့ကြသည်။

အမ်ဘာက်ပီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပြင်သစ်




တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး ဝေဖန်မှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မန်ယူအသင်းက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျီရိုနာအသင်းမှ ဂူတီယာရက်ဇ်ကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်

**မန်ချက်စတာ ဒီဇင်ဘာ ၁၄**

မန်ယူအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဂျီရိုနာအသင်းမှ ခံစစ်ကစားသမား ဂူတီယာရက်ဇ်ကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။

လက်ရှိ မန်ယူအသင်းနည်းပြသစ် အာမိုရင်၏ကစားကွင်းတွင် အသင်းဘယ်တောင်ပံ ခံစစ်နေရာသည် အရေးကြီးသည့်နေရာတစ်နေရာတွင်ပါဝင်နေပြီး လက်ရှိ အသင်းဘယ်တောင်ပံ ခံစစ်နေရာတွင် လုခ်ရှောနှင့် မာလာစီယာတို့ ရှိနေသော်လည်း လုခ်ရှောမှာ မကြာခဏ ဒဏ်ရာရရှိနေသည့်အတွက် မာလာစီယာ တစ်ဦးတည်းသာရှိသောကြောင့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းဘယ်တောင်ပံ ခံစစ်နေရာအတွက် ကစားသမားသစ်တစ်ဦး ခေါ်ယူ အင်အားဖြည့်တင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းက အသင်းဘယ်တောင်ပံခံစစ်နေရာအတွက် ဘိုင်ယန်မြူးနစ်အသင်းမှ အဖွန်ဆိုဒေးဗီး၊ ဘင်ဖီကာအသင်းမှကစားသမားဟောင်း အယ်ဗာရိုဖာနန်ဒက်၊ ဘုန်းမောက်အသင်းမှ ကာကစ်နှင့် ဝုဗ်အသင်းမှ နူရီတို့နှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဂူတီယာရက်ဇ်ကို ခေါ်ယူရန်အတွက် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ဂူတီယာရက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းတွင် ကစားခွင့်မရရှိသည့်အတွက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဂျီရိုနာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ ယခုနှစ် ဘောလုံးရာသီတွင်လည်း အသင်း၏ အဓိကကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ဥရောပထိပ်တန်း ကလပ်အသင်းများက ခေါ်ယူရန် ပစ်မှတ်ထားနေသောကြောင့် မန်ယူအသင်းက လက်ဦးမှုရယူနိုင်ရန်အတွက် လက်ရှိတွင် ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : TEAL Talk

Trs : STA

# ဒီဇင်ဘာလအတွက် အမျိုးသမီးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကမ္ဘာ့အဆင့်(၅၅)နေရာ၌ ရပ်တည်



ရန်ကုန် ဒီဇင်ဘာ ၁၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က လက်ရွေးစင်အမျိုးသမီး အသင်းများ၏ ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အနေဖြင့် ကမ္ဘာ့အဆင့်(၅၅) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ဟောင်ကောင် အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲကစားခဲ့ပြီးနောက် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ပြိုင်ပွဲများ ကစားနိုင်ခြင်းမရှိခဲ့သကဲ့သို့ ခြေစမ်းပွဲစဉ်များလည်း ကစားနိုင်ခြင်းမရှိသောကြောင့် ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၁၄၈၄ မှတ်ဖြင့် တစ်ဆင့်ကျဆင်းခဲ့ခြင်း ဖြစ်သည်။

ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ အာဆီယံဒေသတွင်းတွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၃၇)ဖြင့် အာဆီယံအဆင့်(၁)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၄၁)ဖြင့် အာဆီယံအဆင့်(၂)၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၄၅)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၅၅) ဖြင့် အာဆီယံအဆင့်(၄)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၉၇)ဖြင့် အာဆီယံအဆင့်(၅)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၀၂)ဖြင့် အာဆီယံအဆင့်(၆)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၀၈)ဖြင့် အာဆီယံအဆင့်(၇)၊ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၈)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၃၈)ဖြင့် အာဆီယံအဆင့်(၉)၊ တီမောလက်စ်တေအသင်းကလည်း ကမ္ဘာ့အဆင့်(၁၅၉)ဖြင့် အာဆီယံအဆင့်(၁၀) နေရာတွင် ရပ်တည်လျက်ရှိနေသည်။

အာဆီယံဒေသတွင်းတွင် ဘရူနိုင်းအသင်းအနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မဝင်ရောက်သေးဘဲ အာဆီယံအဆင့်အောက်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။ STA

# Alfred Dunhill Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို မားကပ်စ် ဦးဆောင်

မာလာလိန်း ဒီဇင်ဘာ ၁၄

တောင်အာဖရိကနိုင်ငံ မာလာလိန်းမြို့တွင်ကျင်းပနေသည့် Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား မားကပ်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဝစ်နယ်လ်၊ တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဘာမက်စတာ၊ အီတလီဂေါက်သီးရိုက်ကစားသမား ပါဗန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမားဆူလီဗန်အပါအဝင် ပြိုင်ပွဲဝင်ဆယ်ဦးထိက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မားကပ်စ်သည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ဆုဖလားတစ်လုံးသာ ဆွတ်ခူးခဲ့ဖူးသည့် ကစားသမားတစ်ဦးဖြစ်ပြီး ယင်းဆုမှာ ၂၀၁၉ ခုနှစ်က British Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွတ်ခူးနိုင်ခဲ့သည့်ဆုဖြစ်သည်။

ဒုတိယမြောက် ဆုဖလားကို ဆွတ်ခူးရယူလိုကြောင်း ထုတ်ဖော်ပြောကြားထားသည့် မားကပ်စ်သည် ဒုတိယနေ့တွင် ရလဒ်ကောင်းမွန်ခဲ့သော်လည်း ရာသီဥတုမှာ ပူပြင်းလွန်းသည့်အတွက်ကြောင့် ကစားရခက်ခဲခဲ့ကြောင်း ပြောကြားခဲ့သည်။

Ref : Xinhua

Trs : AZL



# နိုဝင်ဘာလအတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ဆွတ်ခူး



မက်ဒရစ် ဒီဇင်ဘာ ၁၄

နိုဝင်ဘာလအတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် အသင်းပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်သောကြောင့် ဘယ်လင်ဟမ်က အသင်းဖော်များကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းတွင် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အဓိက ကစားသမားတစ်ဦးဖြစ်သည့်ဗင်နီစီးယက်စ်ဒဏ်ရာကြောင့် ပွဲစဉ်အချို့ကို လွဲချော်ခဲ့သကဲ့သို့ အဓိက တိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် အမ်ဘက်ပီလည်း ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေသည့်အချိန်တွင် ဘယ်လင်ဟမ်အနေဖြင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဘယ်လင်ဟမ်သည် နိုဝင်ဘာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်များတွင် လီဂါနက်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး၊ အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Ref : Fabrizio Romano

Trs : STA

# ပရိသတ်များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့သည့် ဆားဘီးယားအသင်းကို ယူအီးအက်ဖ်အေ ပြစ်ဒဏ်ချမှတ်

ဘဲလ်ဂရိတ် ဒီဇင်ဘာ ၁၄

ဆားဘီးယား အသင်းက ဒိန်းမတ်အသင်း၊ ဆွစ်ဇာလန်အသင်းတို့နှင့်ပွဲစဉ်များတွင် ပရိသတ်များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့သည့် ဆားဘီးယားအသင်းကို ယူအီးအက်ဖ်အေက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆားဘီးယား အသင်းသည် နေးရှင်းလိဂ်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၅ ရက်က ကစားခဲ့သည့် ဆွစ်ဇာလန်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ပရိသတ်များက အယ်ဘေးနီးယားအလံကို မီးရှို့ခဲ့သည့်အတွက် ယူအီးအက်ဖ်အေက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ယူအီးအက်ဖ်အေ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပရိသတ်များအနေဖြင့် အယ်ဘေးနီးယားအလံကို မီးရှို့ခဲ့သည့် လုပ်ရပ်ကြောင့် အိမ်ကွင်းနှစ်ပွဲပယ်နှင့် အဝေးကွင်းနှစ်ပွဲပယ်ပြစ်ဒဏ်နှင့် စုစုပေါင်းဒဏ်ငွေ ယူရို ၁၇၃၀၀၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဆားဘီးယား အသင်းအနေဖြင့် လာမည့်နှစ်မတ်လတွင် ကစားရမည့် ဩစတြီးယားအသင်းနှင့် ယူအီးအက်ဖ်အေ play-off ပွဲစဉ်နှစ်ပွဲကို လက်မှတ်ရောင်းချခွင့် ပိတ်ပင်ခံရမည်ဖြစ်ကာ အိမ်ကွင်းနှစ်ပွဲနှင့် အဝေးကွင်းနှစ်ပွဲကို ကွင်းပိတ်ပြစ်ဒဏ်ချမှတ်ခံရမည်။

ထို့ပြင် ဆားဘီးယားအသင်းနှင့် အယ်ဘေးနီးယားအသင်းတို့သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွင်လည်း အုပ်စု K တွင် အင်္ဂလန်၊ လက်ဗီးယား၊ အန်ဒိုရာ အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ဂွတ်မန်း ဒဏ်ရာရရှိသွားခဲ့သည့်အတွက် IBF ဘင်တန်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်း နာအိုယာ ထုတ်ပြန်

တိုကျို ဒီဇင်ဘာ ၁၄

IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမား နာအိုယာသည် စိန်ခေါ်သူ ဩစတြေးလျလက်ဝှေ့သမား ဂွတ်မန်းနှင့် ဒီဇင်ဘာ ၂၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယှဉ်ပြိုင်ထိုးသတ်သွားရန် စီစဉ်ထားသော်လည်း ဂွတ်မန်းသည် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့်အတွက် စိန်ခေါ်ပွဲအား သတ်မှတ်ရက်တွင် ထိုးသတ်နိုင်တော့မည်မဟုတ်ကြောင်း နာအိုယာက ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ဂွတ်မန်းသည် လေ့ကျင့်ရေး အစီအစဉ်တွင် ဘယ်ဘက်မျက်ခုံးကွဲသည့် ဒဏ်ရာရရှိသွားခဲ့ပြီး ဒဏ်ရာပြဿနာမှာ အနည်းဆုံး တစ်လခန့် နားရမည်ဖြစ်သည့်အတွက်ကြောင့် ခရစ္စမတ်ကာလအတွင်း နာအိုယာအနေဖြင့် အနားယူသွားဖွယ်ရှိနေပြီး ၂၀၂၅ ခုနှစ်မှသာ စိန်ခေါ်ပွဲများကို ပြန်လည်ထိုးသတ်သွားဖွယ်ရှိနေသည်။

နာအိုယာက "ဒီဇင်ဘာ ၂၄ ရက်မှာထိုးသတ်သွားမယ့် ချန်ပီယံကာကွယ်ပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ပါပြီ။ ဂွတ်မန်းဟာ လေ့ကျင့်ရေးအစီအစဉ်မှာ ဒဏ်ရာရရှိသွားခဲ့လို့ ပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဂွတ်မန်းကလည်း လေ့ကျင့်ရေးအစီအစဉ်တွင်ရရှိခဲ့သော ဒဏ်ရာအား ရုပ်သံဖိုင်ရိုက်ကူးပြီး လူမှုကွန်ရက်မှတစ်ဆင့် ပရိသတ်များအား အသိပေးခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : AZL

# စီးပွားရေးလုပ်ငန်းများ၏ ထိတွေ့မရသော ပိုင်ဆိုင်မှုများနှင့်တန်ဖိုးရှိမှု

မျိုးသူ(ကုန်သွယ်မြှင့်)

**❖ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှုများ၏ တန်ဖိုးသည် များစွာကြီးမားပြီး ဖန်တီးရယူနိုင်ရန်အတွက် ရေရှည်အချိန်ယူ တည်ဆောက်ရသည်ကို တွေ့နိုင်သည်။ နာမည်ကောင်းတစ်ခု ရရှိနိုင်ရန်အတွက် နှစ်ပေါင်းများစွာ ထိန်းသိမ်းတည်ဆောက်ကြရသည်။ အချိန်နှင့်အမျှ တည်တံ့ရေးကို စဉ်းစားလုပ်ကိုင်နေရန်လည်း လိုအပ်သည်။ လေ့ကျင့်ရယူဆည်းပူးနေရန် လိုအပ်သည်။ ဖောက်သည်များနှင့် ကောင်းမွန်သောဆက်ဆံရေးကို ရရှိရန်မှာလည်း ချက်ချင်းလုပ်ယူ၍ရသော ကိစ္စတစ်ခုမဟုတ်ဘဲ အချိန်များစွာ ရယူဆောင်ရွက်ရမည်သာဖြစ်သည်။ ❖**

လူတို့တွင် ရုပ်နှင့်နမ်နှစ်မျိုးရှိသကဲ့သို့ စီးပွားရေး လုပ်ငန်းများတွင်လည်း ကိုင်တွယ်ထိတွေ့၍ရသော ပိုင်ဆိုင်မှုများနှင့် ထိတွေ့ကိုင်တွယ်၍မရသော ပိုင်ဆိုင်မှုများဟု ရှိသည်။ ကုန်ပစ္စည်းများ၊ ဆိုင်များ၊ ပိုင်ဆိုင်သောရုံးများ၊ လုပ်ငန်းသုံးကားနှင့် ပစ္စည်းများ၊ စက်ရုံများ စသည်တို့သည် ထိတွေ့ကိုင်တွယ်၍ရသော ပစ္စည်းများဖြစ်ကြသည်။ ထိတွေ့ကိုင်တွယ်၍ မရသော ပိုင်ဆိုင်မှုများသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုအတွက် များစွာတန်ဖိုးရှိသော ပိုင်ဆိုင်မှုတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် နှစ်ပေါင်း များစွာ တည်တံ့နေသော ထုတ်ကုန်အမျိုးအစား တစ်ခုကို အောင်မြင်ဆဲ၊ အရောင်းအဝယ်ကောင်းဆဲ ဖြစ်နေစေရန် ဆောင်ရွက်နိုင်သည့် လုပ်ငန်း သို့မဟုတ် ကုမ္ပဏီ၏အမည်နာမသည် ထိတွေ့ ကိုင်တွယ်မရသော ပိုင်ဆိုင်မှုတစ်ခုဖြစ်ပြီး အဆိုပါ အမည်နာမကို တန်ဖိုးများစွာထားကြရသည်ဖြစ် သည်။ ဥပမာအားဖြင့် ဖို့ဒ်ကားကုမ္ပဏီ၏ ဖို့ဒ်ဟူသော အမည်၊ ကိုကာကိုလာဟူသော အချိုရည်၏အမည်၊ တိုယိုတာဟူသော မော်တော်ကားကုမ္ပဏီ၏အမည် စသည်တို့သည် ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှု များဖြစ်ကြသည်။

**ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှုများဆိုသည်မှာ**

ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှုများဆိုသည့် အတိုင်း ရုပ်ပိုင်းဆိုင်ရာဒြပ်များမရှိသော အချိန် ကာလကြာရှည်စွာ တည်ရှိနေသည့် ပိုင်ဆိုင်မှုဖြစ် သည်။ ထိုပိုင်ဆိုင်မှုများသည် အချိန်ကြာသည်နှင့်အမျှ တန်ဖိုးလည်း တိုးတက်လာသည်။ ရုပ်ဒြပ်အနေဖြင့် တည်ရှိနေသော ပိုင်ဆိုင်မှုများမှာမူ ကာလကြာရှည် သည်နှင့်အမျှ ပျက်စီးယိုယွင်းပြီး တန်ဖိုးများကို လျှော့ချသတ်မှတ်ရသည်။ ထိတွေ့ကိုင်တွယ်မရသော်လည်း ပိုင်ဆိုင်နိုင်သည့်အရာများမှာ နာမည် ဂုဏ်သတင်းများ၊ ဉာဏပစ္စည်းဆိုင်ရာ ပိုင်ဆိုင်မှုများ၊ ဖောက်သည်များနှင့် ဆက်ဆံရေးနှင့် ရင်းနှီးမှုများ၊ လုပ်ငန်း၏နာမည်ကောင်းခြင်း၊ အစဉ်အလာကောင်း ခြင်းများ စသည်တို့သည် ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှုများဖြစ်ကြပြီး အဆိုပါအရာများသည် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် တန်ဖိုးကြီးမား သောပိုင်ဆိုင်မှုများဖြစ်ကြသည်။ ထို့ကြောင့် ထိတွေ့ကိုင်တွယ်၍မရသော ပိုင်ဆိုင်မှုများတွင် နာမည်ကောင်းခြင်းနှင့် အစဉ်အလာကောင်းခြင်း များ၊ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၏ဂုဏ်သတင်းများ၊ ဉာဏပစ္စည်းများ၊ လိုင်စင်များနှင့် ရုပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ကုမ္ပဏီ၏ အမည်၊ ဖောက်သည်စာရင်းများနှင့် အချက်အလက်များ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့ ပါဝင်ကြသည်။ ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှု များတွင် ပုံစံနှစ်မျိုးရှိသည်။ အဆိုပါ နှစ်မျိုးသော ပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

- ခွဲခြားသတ်မှတ်နိုင်သော ထိတွေ့ကိုင်တွယ် မရသည့် ပိုင်ဆိုင်မှုများ၊
- ခွဲခြားသတ်မှတ်ရန် ခက်ခဲသော ထိတွေ့ ကိုင်တွယ် မရသည့် ပိုင်ဆိုင်မှုများ။

**ခွဲခြားသတ်မှတ်နိုင်သော ထိတွေ့ကိုင်တွယ်မရသည့် ပိုင်ဆိုင်မှုများ**

ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှုများအနက် တိတိကျကျပိုင်းခြား သတ်မှတ်ထားနိုင်သော ပိုင်ဆိုင်မှုများမှာ ကုမ္ပဏီအနေဖြင့် တဖြည်းဖြည်း ချင်းလေ့ကျင့်ရယူထားသည့် ပိုင်ဆိုင်မှုများ ဖြစ်ကြ သည်။ ထိုပိုင်ဆိုင်မှုများကို ကုမ္ပဏီအနေဖြင့် သီးခြား ပိုင်းခြားသတ်မှတ်ထားနိုင်သည်။ ထိုပိုင်ဆိုင်မှု များသည် သက်တမ်းတစ်ခု ထင်ထင်ရှားရှား ရှိတတ် သည်။ ကုမ္ပဏီတည်ရှိနေသည့် အချိန်ထိလည်း ရှည်ကြာတတ်သည်။ ဥပမာအားဖြင့် - မှတ်ပုံတင် ထားသော မူပိုင်ခွင့်များ၊ ဉာဏပစ္စည်းမူပိုင်ခွင့်များ၊ ပြဿနာဖြေရှင်းနည်းဖော်ထုတ်ရာတွင် လိုက်နာ ရန် စည်းကမ်းများ၊ လုပ်နည်းစနစ်များ၊ လေလှိုင်းမှ လွှင့်ထုတ်သည့် အသံကို မှတ်ပုံတင်ထားခြင်းများ စသည်တို့သည် တိကျစွာ ခွဲခြားသတ်မှတ်ထားနိုင် သောပိုင်ဆိုင်မှုများ ဖြစ်ကြသည်။ ထိုပိုင်ဆိုင်မှုများကို သီးခြားခွဲထုတ်ပြီး ရောင်းဝယ်၍လည်း ရနိုင်တတ် သည်။ ဉာဏပစ္စည်းမူပိုင်ခွင့်များကို ကြည့်လျှင် လူ့စွမ်းအားများ၊ တီထွင်ဖန်တီးမှုများ ပါဝင်နေပြီး အဆိုပါအချက်များသည် ထိတွေ့ကိုင်တွယ်မရသော တန်ဖိုးများအဖြစ် ရှိနေကြသည်။ ဥပမာအားဖြင့် သီချင်းတစ်ပုဒ်ကို ရေးသားသူအတွက် သီချင်း အောင်မြင်သည်နှင့်အမျှ ကြီးမားသည့်တန်ဖိုးရှိပြီး အဆိုပါ သီချင်းဆိုခွင့်ကို ရောင်းဝယ်၍ ရရှိနေ မည်ဖြစ်သည်။

**ခွဲခြားသတ်မှတ်ရန်ခက်ခဲသော ထိတွေ့ကိုင်တွယ်မရသည့် ပိုင်ဆိုင်မှုများ**

ကုမ္ပဏီနှင့် သီးခြားခွဲခြားပြီး သတ်မှတ်ရန် ခက်ခဲသော ထိတွေ့ကိုင်တွယ်မရသည့် ပိုင်ဆိုင်မှုများ ဆိုသည်မှာ ထိုပိုင်ဆိုင်မှုများကို ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းနှင့် သီးခြားစီအဖြစ် သတ်သတ်မှတ်မှတ် ခွဲခြားရန် ခက်ခဲတတ်သည်။ သီးခြားခွဲထုတ်ပြီး ရောင်းချရန်လည်း ခက်ခဲတတ်သည်။ ထိုကဲ့သို့ သီးခြားခွဲခြားသတ်မှတ်ရန် ခက်ခဲသော ပိုင်ဆိုင်မှု များမှာ ကုမ္ပဏီ၏ အမည်နာမ၊ ဂုဏ်သတင်း၊ သိက္ခာ၊ သစ္စာရှိဖောက်သည်များနှင့် ကောင်းမွန်သော ဆက်ဆံရေးများ၊ နှစ်ပေါင်းများစွာ တည်ဆောက် ခဲ့သော ချစ်ခင်ရင်းနှီးမှုများ၊ စေတနာ၊ အနစ်နာခံမှု များ၊ အစဉ်အလာကောင်းများ၊ နာမည်ကောင်းခြင်း များ၊ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်သည့် ဂုဏ်သတင်းများ၊ မျှတမှုများ၊ အရည်အသွေး ကောင်းကြောင်း ဂုဏ်သတင်းများ စသည်တို့သည် ကုမ္ပဏီနှင့် သီးခြားစီ ပိုင်းခြားရန် ခက်ခဲသောထိတွေ့ ကိုင်တွယ်မရသည့် ပိုင်ဆိုင်မှုများဖြစ်ကြသည်။ ရေတွက်ရန်လည်း ခက်ခဲတတ်သည်။ သို့သော်လည်း အဆိုပါ ခွဲခြားသတ်မှတ်ရန် ခက်ခဲသော ထိတွေ့ ကိုင်တွယ်မရသည့် ပိုင်ဆိုင်မှုများသည် ကုမ္ပဏီ၏ တန်ဖိုးကိုမြင့်မားစေတတ်သည်။ သစ္စာရှိဖောက်သည် များ အများအပြားရှိနေခြင်းသည် ကုမ္ပဏီတစ်ခု အတွက် တန်ဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုတစ်ခု ဖြစ်ပြီး ကုမ္ပဏီအနေဖြင့် ရေရှည်ထိန်းသိမ်း လာရသော ပိုင်ဆိုင်မှုတစ်ခုဖြစ်ကြောင်း တွေ့နိုင် သည်။ အရည်အသွေးကောင်းပစ္စည်းများကိုသာ ထုတ်လုပ်သည်ဟူသော ဂုဏ်သတင်းတစ်ခုကို နှစ်ရှည်လများ တည်ဆောက်ရသော်လည်း အဆိုပါ အမည်ဂုဏ်သတင်းပျက်စီးသည်နှင့် တစ်ပြိုင်နက် ကုမ္ပဏီအနေဖြင့် ထိခိုက်မှုများ၊ တန်ဖိုးလျော့ကျမှု များကို ကြုံတွေ့ရမည်ဖြစ်သည်။ ယခင်က ရရှိထား သော ကောင်းသည့်ဂုဏ်သတင်းကို ပြန်လည်ရရှိရန် အချိန်များစွာ ပြန်လည်ကြိုးစားမြှင့်တင်ရမည်ဖြစ် သည်။ ထို့ကြောင့် နာမည်ဂုဏ်သတင်းပျက်ယွင်း မည်ကို လုပ်ငန်းတိုင်းက များစွာ သတိပြုထိန်းသိမ်း ကြရန် လိုအပ်သည်။

**ထိတွေ့ကိုင်တွယ်မရသောပိုင်ဆိုင်မှုများကို မည်သို့ တည်ဆောက်ရယူမည်လဲ**

ထိတွေ့ကိုင်တွယ်မရသော ပိုင်ဆိုင်မှုများ၏ တန်ဖိုးသည် များစွာကြီးမားပြီး ဖန်တီးရယူနိုင်ရန် အတွက် ရေရှည်အချိန်ယူတည်ဆောက်ရသည်ကို တွေ့နိုင်သည်။ နာမည်ကောင်းတစ်ခုရရှိနိုင်ရန် အတွက် နှစ်ပေါင်းများစွာ ထိန်းသိမ်းတည်ဆောက် ကြရသည်။ အချိန်နှင့်အမျှ တည်တံ့ရေးကို စဉ်းစား လုပ်ကိုင်နေရန်လည်း လိုအပ်သည်။ လေ့ကျင့်ရယူ ဆည်းပူးနေရန် လိုအပ်သည်။ ဖောက်သည်များနှင့် ကောင်းမွန်သောဆက်ဆံရေးကို ရရှိရန်မှာလည်း ချက်ချင်းလုပ်ယူ၍ရသော ကိစ္စတစ်ခုမဟုတ်ဘဲ အချိန် များစွာ ရယူဆောင်ရွက်ရမည်သာဖြစ်သည်။ သစ္စာရှိ ဖောက်သည်များရှိအောင် နှစ်ပေါင်းများစွာ သည်းခံ၊ စိတ်ရှည်စွာဖြင့် တည်ဆောက်ကြရသည်။ အပြန် အလှန်ယုံကြည်မှုများ တည်ဆောက်ကြရသည်။ ယုံကြည်မှုမပျက်ပြားအောင် နှစ်ပေါင်းများစွာ မွေးမြူ ရမည်ဖြစ်သည်။ တစ်နပ်စားဆောင်ရွက်၍ မရနိုင်ပါ။

အရည်အသွေးကောင်းကုန်ပစ္စည်းများ ထုတ် လုပ်ခြင်း၊ မှန်ကန်သောဈေးနှုန်းများဖြင့် ရောင်းချ ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပြီး ဖောက်သည် များ၏ယုံကြည်မှုကို တိုးတက်အောင်ဆောင်ရွက် နိုင်ပါသည်။

ထို့ပြင် ပြင်ပပတ်ဝန်းကျင်နှင့် ဆက်စပ်၍လည်း ထိတွေ့ကိုင်တွယ်မရသောပိုင်ဆိုင်မှုများကို ဖန်တီး တည်ဆောက်နိုင်သည်။ ကုန်အမှတ်တံဆိပ်ကို ဖြန့်ချီခြင်း၊ Corporate Social Responsibility –CSR လုပ်ငန်းများကို ဖောက်သည်များနှင့် စားသုံးသူများ အတွက် ဆောင်ရွက်ပေးခြင်းဖြင့် နာမည်ဂုဏ် သတင်းကောင်းရယူခြင်း၊ လှူဒါန်းခြင်းများဖြင့် နာမည်ဂုဏ်သတင်းကောင်းရယူခြင်း၊ ကြော်ငြာ များမှတစ်ဆင့် ပိုင်ဆိုင်မှုတန်ဖိုးများမြင့်မားအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။ ထို့ပြင် ဉာဏပစ္စည်းမူပိုင်ခွင့်များ မှတ်ပုံတင်ထားခြင်းတို့ကို လည်း ဆောင်ရွက်နိုင်သည်။

**ထိတွေ့ကိုင်တွယ်မရသည့် ပိုင်ဆိုင်မှုများ၏တန်ဖိုး**

ထိတွေ့ကိုင်တွယ်၍မရသော ပိုင်ဆိုင်မှုများသည် တန်ဖိုးကြီးမားကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် အချိန်တိုနှင့် ဖန်တီး၍ မရကောင်းသော ပိုင်ဆိုင်မှုများ လည်းဖြစ်ကြသည်။ ထို့အတူ တန်ဖိုးလည်း ကြီးမား ကြသည်ကို နားလည်ကြပြီး ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီတစ်ခု၏ အမည်နာမသည်ပင် တန်ဖိုးများစွာ ရှိသည်ဟု ဆိုသည်။ အရေအတွက်တစ်ခုအဖြစ် တိတိကျကျသတ်မှတ်၍ မရသော်လည်း တန်ဖိုး အားဖြင့် ကြီးမားသည်။ သူဌေးဖြစ်သည်ဟု အများက လက်ခံသည်နှင့်တစ်ပြိုင်နက် ၎င်း၏ ချမ်းသာ ကြွယ်ဝမှု၊ ငွေကြေး၊ ဥစ္စာဓန စသည်တို့ ရှိသည်၊ ဖြစ်သည်ဟူသော တန်ဖိုးများနှင့် ကတိတည်ခြင်း၊ ယုံကြည်စိတ်ချရခြင်းဆိုသည့် ဂုဏ်သတင်းများနှင့် အတူ တန်ဖိုးလည်း ပါဝင်လာသည်ကို တွေ့နိုင်သည်။

ထိတွေ့ကိုင်တွယ်၍မရသော ပိုင်ဆိုင်မှုများကို တရားဥပဒေကြောင်းဖြင့် ယခုအခါ ကာကွယ်မှု များ ပြုလုပ်လာကြသည်ကိုလည်း တွေ့နိုင် သည်။ တရားဥပဒေကြောင်းအရ ကာကွယ်မှုများတွင် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများသည် ထင်ရှားသည်ကို တွေ့နိုင်သည်။ ကုမ္ပဏီကို မှတ်ပုံတင်ထားခြင်း၊ ကုန်ပစ္စည်းများကို အမည်နှင့် ကုန်အမှတ်တံဆိပ်များ သတ်မှတ်၍ မှတ်ပုံတင်ထားခြင်း၊ မူပိုင်ခွင့်ရယူထား ခြင်းများပြုလုပ်ထားရန် လိုအပ်သည်။ ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေဖြင့် ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဖန်တီး ထားသည့် စာများ၊ သီချင်းများကိုလည်း ဥပဒေ နှင့်အညီ မှတ်ပုံတင်ပြီး ကာကွယ်ထားခြင်းဖြင့် ကုမ္ပဏီ၏ ထိတွေ့ကိုင်တွယ်၍မရသော ပိုင်ဆိုင်မှု များကို တန်ဖိုးရှိစွာ ထိန်းသိမ်းထားနိုင်သည်။ လက်မှုပစ္စည်းများတွင် တီထွင်ဖန်တီးထားသော ကုန်ပစ္စည်းများကို ပုံစံတူလုပ်ကိုင်ပြီး ဈေးကွက်တွင် ပြိုင်ဆိုင်တတ်ကြသဖြင့် လက်မှုပစ္စည်းများကိုလည်း ကုန်အမှတ်တံဆိပ်၊ ဉာဏပစ္စည်းမူပိုင်ခွင့် စသည့် ဥပဒေများဖြင့် ကာကွယ်နိုင်ရေးကိုလည်း ထည့်သွင်း စဉ်းစားဆောင်ရွက်ပေးရန် လိုအပ်သည်။ ထိတွေ့ ကိုင်တွယ်၍မရသော ပိုင်ဆိုင်မှုများတွင် ဖောက်သည် ကောင်းများကို ထိန်းသိမ်းထားနိုင်ခြင်း၊ ဂုဏ်သတင်း ကောင်းမွန်ခြင်း၊ အရည်အသွေးမှန်၊ ဈေးနှုန်းမှန်၊ အလေးချိန်မှန်၊ အရောင်းအဝယ်မှန်ကန်ခြင်း ဟူသော ကုမ္ပဏီအမည် ဂုဏ်သတင်းများသည် လည်း လွယ်ကူစွာဖြင့် ချက်ချင်း ဖန်တီးတည်ဆောက် ၍ မရနိုင်သဖြင့် အဆိုပါ ထိတွေ့ကိုင်တွယ်မရသော် လည်း တန်ဖိုးရှိသော ပိုင်ဆိုင်မှုများကို မိမိတို့လုပ်ငန်း သို့မဟုတ် ကုမ္ပဏီအနေဖြင့် ပိုမိုပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။

**ကိုးကား**

– Alexandra Sheehan's Intengible Assets: Defination, Type and Examples.

# ဇော်ဂနီ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလ တတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




ရန်ကုန် ဒီဇင်ဘာ ၁၄

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေး ရိုက်ကူးထုတ်လုပ်သည့် ဇော်ဂနီ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလ တတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ဇော်ဂနီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အိမ်ဂျယ်(ISY)က ရေးသားကာ နေစိုးသော်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က လပ်ကီး ဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"သည်းထိပ်ရင်ဖို့ လျှို့ဝှက်ဆန်းကြယ် ဇာတ်အိမ်ဇာတ်လမ်းကြိုက်သူတွေအတွက် ဇာတ်လမ်းကောင်းကလေးတစ်ပုဒ်ဖြစ် ဗဟုသုတရစရာတွေလဲ ပါပါတယ်။ လူတစ်ယောက် ညအိပ်မပျော် ချောက်ချားစရာ တွေ့လာရင် ခေတ်ဆေးပညာအရ စိတ်ကစဉ့်ကလျား စိတ်ရောဂါပေါ့။ ပယောဂဆရာတွေကတော့ ဆေးလုပ်ခံရတာ စုန်းပြုစားခံရတာယ် ပြောမှာပေါ့။ စိတ်ကြောင့်လား၊ ပယောဂကြောင့်လားဆိုတာ ဒီဇာတ်ကားကနေ အဖြေရှာတွေ့မှာပါ"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ဇော်ဂနီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ မေမြင့်မိုရ်၊ မေသန်းနု၊ နော်ဖေအယ်ထား၊ စံပယ်မိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် Floral Fantasia ပန်းပွဲတော်၌ ရာစုနှစ်၏ပန်းတေးကဗျာ ဖျော်ဖြေပွဲကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီး ဥယျာဉ်၏နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် Floral Fantasia ပန်းပွဲတော်၌ ရာစုနှစ်၏ ပန်းတေးကဗျာဖျော်ဖြေပွဲကို ယနေ့တွင် ကျင်းပပြုလုပ်ကြောင်း အမျိုးသားကန်တော်ကြီးဥယျာဉ်၏အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် Floral Fantasia ပန်းပွဲတော်ကို ယနေ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ရာစုနှစ်၏ပန်းတေးကဗျာ ဖျော်ဖြေပွဲအစီအစဉ်ကို ထည့်သွင်းထားကြောင်း သိရသည်။

"ပန်းချစ်သူမိဘပြည်သူတွေကို Floral Fantasia ပန်းပွဲတော်ဖွင့်ပွဲနေ့ မနက်ပိုင်းမှာ မန်းရွှေမြို့သား ဖိုးချစ်စီစဉ်တဲ့ ယဉ်ကျေးမှုအကအလှုတွေနဲ့အတူ တေးသံရှင် ဖိုးသောကြာ၊ ရဲရင့်ဝေလွင်၊ အိအိချွန်၊ မေချစ်သက်တို့မှ ညှို့ခံဖျော်ဖြေမှာဖြစ်ပါတယ်။ ပန်းပွဲတော်ဖွင့်ပွဲနေ့ ညနေပိုင်းမှာ တေးသံရှင် သာဒီးလှ၊ ညလင်းထယ်တို့နဲ့အတူ အခြားတေးသံရှင်တွေ ပါဝင်ဖျော်ဖြေမှာဖြစ်ပါတယ်"ဟု ဦးဇော်မင်းထွန်းက ပြောပြသည်။




၁၇ ကြိမ်မြောက် Floral Fantasia ပန်းပွဲတော်ကျင်းပသည့် တစ်လတာအတွင်း ဖွင့်ပွဲအခမ်းအနားအပါအဝင် လူစည်ကားမည့်ရက်များ၌ ဂီတဖျော်ဖြေမှုများနှင့် အခြားစိတ်ဝင်စားဖွယ်ဖျော်ဖြေရေး အစီအစဉ်များကို ပြုလုပ်မည်ဖြစ်ကြောင်း၊ ခရစ္စမတ်၊ နှစ်သစ်ကူး၊ လွတ်လပ်ရေးနေ့ စသည့်ရက်များတွင် ဂီတဖျော်ဖြေမှုများအပါအဝင် Magic Show ၊ Dancer စသည့် အစီအစဉ်များကိုလည်း ထည့်သွင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ ပန်းပွဲတော်ကာလအတွင်း လူသုံးကုန်နှင့် စားသောက်ကုန်များ ရောင်းချသော ပန်းဥယျာဉ်ဈေးပွဲတော်အပါအဝင် ဒေသလုပ်မှုစီးပွား အထောက်အကူပြု ဒေသထွက်ကုန်များ၊ သစ်ပင်ပန်းပင်များ ခင်းကျင်းပြသရောင်းချသည့် Exhibition ဧရိယာတစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

ASH

# ကျောက်တံတားမြို့နယ် Shwe Khit Oo Art Gallery ၏ တစ်နှစ်မြောက်ပြပွဲအဖြစ် 1st Anniversary အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Shwe Khit Oo Art Gallery ၌ ပြခန်းဖွင့်လှစ်ခြင်း တစ်နှစ်မြောက်ပြပွဲအဖြစ် 1st Anniversary အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ယနေ့မှ ဒီဇင်ဘာ ၁၈ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါ 1st Anniversary အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပါဝင်ရေးဆွဲပြသထားသူ ပန်းချီ ညီညီထွန်းက ပြောပြ၍ သိရသည်။

1st Anniversary အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာ ၂၄ ဦးတို့၏ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်ရေးချက်မျိုးစုံဖြင့် ရေးသားထားသည့် မတူကွဲပြားခြားနားသော ပန်းချီလက်ရာများကို တွေ့မြင်ခံစားနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

"ဒီပြပွဲမှာတော့ Shwe Khit Oo Art Gallery ကို စတင်ဖွင့်လှစ်ခဲ့တဲ့အချိန်ကနေစပြီး အခု တစ်နှစ်ပြည့်တဲ့အချိန်ထိ ဒီပြခန်းနဲ့ လက်တွဲခဲ့ကြတဲ့ ပန်းချီဆရာ ၂၄ ယောက်ရဲ့လက်ရာတွေကို စုပေါင်းပြီး Gallery ရဲ့နှစ်ပတ်လည်အနေနဲ့ ခင်းကျင်းပြသသွားမှာပဲ ဖြစ်ပါတယ်။ ပန်းချီဆရာတွေရဲ့ အရောင်အသွေးစုံ ခံစားမှုစုံရသမျိုးစုံ ပေးစွမ်းနိုင်မယ့် ပန်းချီကားများကို လက်လွတ်မခံဘဲ ကြည့်ရှုခံစားနိုင်ဖို့ ရွှေခေတ်ဦးရဲ့ နှစ်ပတ်လည်ပန်းချီပြပွဲကို ကြွရောက်ပေးဖို့ ပန်းချီချစ်သူတွေကို ဖိတ်ကြားအပ်ပါတယ်"ဟု ပန်းချီ ညီညီထွန်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄)လက်မ၊ (၁၈x ၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# Happy Gilmore-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

နယူးယောက် ဒီဇင်ဘာ ၁၄

Netflix ရုပ်ရှင်၏ Happy Gilmore-2 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းမှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Happy Gilmore-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးမှုကို အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် မင်းသား အဒမ်ဆန်းဒလားက အတည်ပြုကြေညာထားခြင်းဖြစ်သည်။

ထို့ပြင် မင်းသား အဒမ်ဆန်းဒလား၏အဆိုအရ Netflix အနေဖြင့် Happy Gilmore-2 ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း စတင်ပြသဖွယ်ရှိသည်။


Happy Gilmore-2 ဇာတ်ကားသည် Happy Gilmore(1996) အားကစားလောက နောက်ခံဟာသဒရာမာဇာတ်ကား၌ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကိုလီနီဝါချက်က တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား အဒမ်ဆန်းဒလားက အဓိကဇာတ်ကောင်အဖြစ် ပြန်လည်ပါဝင်ထားသည်။

လက်ရှိတွင် Netflix ကုမ္ပဏီသည် Happy Gilmore-2 ဇာတ်ကား စတင်ပြသမည့်ရက်ကို တရားဝင်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# The Christophers ဇာတ်ကား၌ အိုင်ယန်မက်ကယ်လန်၊ ဂျိမ်းကော်ဒန်တို့ပါဝင်မည်

နယူးယောက် ဒီဇင်ဘာ ၁၄

The Christophers အမည်ရှိ လူ့စရိုက်သရုပ်ဆောင် ဟာသဇာတ်ကားသစ်တွင် မင်းသား အိုင်ယန်မက်ကယ်လန်၊ ဂျိမ်းကော်ဒန်နှင့် မင်းသမီး မိစေလာကိုးလ်တို့ ပါဝင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက်သတင်းများအရသိရသည်။

The Christophers ဇာတ်ကားသည် ၎င်းသေဆုံးပြီးနောက်ရှာဖွေရောင်းချနိုင်ရေးအတွက် မပြီးပြတ်သေးသည့် အနုပညာလက်ရာများကို အပြီးသတ်ပေးရန် ပန်းချီကားအတုလုပ်သမားတစ်ဦး ငှားရမ်းထားသည့် ပန်းချီဆရာတစ်ဦးနှင့် ၎င်း၏ ရင်သွေးများအကြောင်း ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့ဂ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဒ်ဆော်လမွန်က ရေးသားကာ အဆိုပါဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်မည်ဖြစ်သည်။

ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့ဂ်နှင့် ဇာတ်ညွှန်းရေးဆရာ အက်ဒ်ဆော်လမွန်တို့သည် No Sudden Move(2021) ဇာတ်ကား၌ အတူလက်တွဲဆောင်ရွက်ခဲ့ဖူးသူများ ဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 50th Anniversary (Golden Jubilee) Rakhine State Day 15 December 2024

**Esteemed ethnic national brethren in Rakhine State,**

First and foremost, I extend my greetings with heartfelt wishes, praying for the well-being and happiness of all Rakhine ethnic brethren in all parts of the nation and in Rakhine State, as well as all Union-born ethnic people across the nation, wishing them fulfillment in their aspirations and prosperity in both mind and body on the occasion of the Golden Jubilee of Rakhine State Day which falls on 15 December 2024, today.

Rakhine State Day is a special and significant day filled with unique attributes and pride for the indigenous Rakhine people. Under the 1974 Constitution, Rakhine State was also designated as one of the states in the Union. As 15 December when the national referendum was held to approve the 1974 constitution was designated as Rakhine State Day, it turns 50 years now as commemoration of the golden jubilee.

Rakhine State is blessed with cultural heritages and plentiful artistic works due to its prolong history of forefathers. As Rakhine State is a region where the Buddhism is flourishing, the state has abundant ancient stupas and temples as cultural heritages in accord with the motto: Number of Buddhist monuments is equal to blossoming orchid flowers (defined as 6,354,755 pagodas in numerical signs).

According to the geographical conditions, Rakhine State is located in the western coast of the nation, on 14,200 square miles of area, sharing borders with beighbouring countries. So, it is a strategic area of the nation. It is a proud and beautiful state with lush forests, mountains, and rivers, as well as a long and scenic coastline, rich in natural and water resources, enabling the production of valuable goods.

**Esteemed ethnic national brethren,**

Now is a State of Emergency when the State Administration Council is taking State responsibilities under the Constitution. Since its assumption, the State Administration Council has adopted the roadmaps and objectives and now has been implementing the five-point Roadmap and nine objectives.

As the State Administration Council is implementing the work processes in accord with the five-point Roadmap, the national population and household census has so far been enumerated. The enumeration of census is being undertaken in some areas that were left for various reasons. Now, arrangements are being made to successfully hold a multiparty democratic general election aligned with the last point of the five-point Roadmap.

The basic foundation to emerge the genuine, disciplined democratic system the people really aspire to is to rehold a free and fair prestigeious systematic general election. To do so, as it is necessary to restore peace and stability across the nation, all citizens and entire people have to join hands with the government in implementing the mission with the national spirit.

**Esteemed ethnic national brethren,**

The State Administration Council emphasizes implementation of two key political and national visions each while formulating the good conditions with the aim of shaping a peaceful, prosperous future for the State and all ethnic national people. As food, clothing and shelter are basic needs for everyone, two national visions were adopted to ensure prosperity of the State and food security. Now, the government fulfills needs to product agricultural produce suitable for the regions and accelerate successful farming of livestock breeding to benefit all citizens.

The government has allocated K10 billion from the State economic promotion fund to operate agriculture, livestock, cooperative and industrial businesses in order to develop Rakhine State. At present, the allocated fund has been allotted to agricultural farmers, livestock farmers, cooperative societies and industries to implement their projects.

Making efforts to enhance agriculture and livestock sectors in Rakhine State can reflect socioeconoic life of the rural people who are the majority population in the state as well as the manufacturing sector of the country. It shows goodwill of the State for Rakhine State and national people from Rakhine region in addition to family spirit of national brethren, genuine patrotism and Union spirit.

The Government is implementing the KG+9 education plan for improvement of the society blessed with physical capacity and mental knowledge. I would like to urge all to emphasize increase of high per cent of student number for all school-age children, completion of school education and raising the rate of student grades.

Better techniques and correct knowledge and attitude are crucial to come out well-versed qualified youths who would be reliable for the state and the country in the future. Hence, it is necessary to participate in the activities on development of libraries and raising the reading skills being implemented by the State for the people to accumulate techniques and knowledge in the entire nation.

**Esteemed ethnic national brethren,**

The State Administration Council has established the Rakhine State Peaceful, Stability and Development Central Committee, which is working on improving the socio-economic development of the state in the sectors such as agriculture, livestock, education, health, communication, and electricity. These efforts are carried out sector by sector. In May 2023, during the impact of the powerful cyclonic storm Mocha, the committee was able to immediately launch rehabilitation activities in Rakhine State the day after the cyclone struck. As a result, Rakhine State is making significant progress in recovery from natural disasters, working quickly to restore and improve conditions beyond their original state.

Rakhine State has historically faced numerous difficulties in terms of transportation and infrastructure. As a result, successive governments have placed significant emphasis on the development of Rakhine State up until the present time. Everybody knows that this focus has led to substantial changes and improvements.

However, at present, there is instability and unrest within the country, including in Rakhine State, and this creates an opportunity for certain powerful nations to exert influence over the country's geopolitics landscape, which results in the creation and shaping of internal instability.

The actions of the MNDAA, TNLA, and AA terrorists, which began in October 2023, have further worsened the socio-economic conditions of the ethnic people. Due to the sabotage acts of these armed terrorist groups, many innocent civilians have suffered in poverty and hardship. The continuous armed attacks by these terrorists, driven by political motives and misguided ideologies, have only resulted in further acts of violence. They have been observed to prioritize standing alone rather than collectively building the union on a multiparty democratic path. Young people have been trapped and manipulated through drugs, leading them to be involved in violent conflicts. It has become clear that their demands cannot be achieved through armed terrorism, but rather through political dialogue at the negotiation table. They now recognize that peaceful solutions are the only way to resolve conflicts, and it is urged that they abandon the path of armed struggle and instead follow the right course.

**Esteemed ethnic national brethren,**

All national race peoples living within Myanmar have long been united, sharing the land, water, and resources together in harmony, as brothers and sisters, for many generations. In the present day, however, certain internal traitors and powerful foreign nations have caused immense suffering to these ethnic peoples, pushing them into poverty and destroying the regions where they live, along with the development and resources that once sustained them. It is now crucial for everyone to consider the long-term benefits for the nation and their communities, rather than allowing their livelihoods and resources to be destroyed. If we are in disunity, the strength of the nation will diminish, and we risk becoming a people who are merely subjects, following others' will as history leaves us behind. Therefore, it is important to heed this warning and work together for the greater good of the nation.

Only by following the path of the Nationwide Ceasefire Agreement (NCA) for the Union's peace can we build the peaceful and prosperous nation we all aspire to. In advancing the peace of our country, it is crucial to ensure there is no foreign interference or internal division. All ethnic groups must unite in the spirit of the Union and seek solutions through political dialogue and negotiation. The government also invites discussions and continues to keep the door to peace open. As the saying goes, "Strength of the nation lies within," and we urge all ethnic peoples to unite and work together for the national interest with coordinated efforts.

In Rakhine State, the Rakhine, Kaman, Khami, Dainet, Maramagyi, Mro, Thet, and other indigenous ethnic groups live together alongside the Myanmar and Chin ethnic groups. The peace, stability, and development of the state rely on the unity of all the indigenous peoples living together and their commitment to the spirit of the Union. The efforts for peace and regional development by the ethnic national brethren residing in Rakhine State contribute to the stability, peace, and progress within the state, and serve as a source of strength for the nation-building process.

In conclusion, in order to establish a strong multi-party democratic system and successfully implement necessary reforms in our country, the critical factors for achieving security, peace and stability, which are essential for smooth and rapid progress, include the full participation of the people in ensuring national security and peace. Moreover, the ethnic people of Rakhine State are urged to uphold the Union spirit and national spirit to serve the interests of people from Rakhine State, the state and the union. Wishing for lasting peace, happiness, and prosperity, we pay tribute to the the Golden Jubilee of Rakhine State, and respectfully submit this letter.

**Senior General**
**Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma**
**Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Minkin Township achieves cultivation of over 4,400 acres of corn for 2024-2025 winter season


A corn plantation in Minkin Township.

**Minkin December 14**

In Minkin Township, Kale District, Sagaing Region, 4,437 acres of corn crops, including seed-producing corn and edible corn, have been cultivated during this year's winter crop season, according to records from the Minkin Township Department of Agriculture.

For the 2024-2025 winter crop season, Minkin Township has planned to cultivate a total of 7,138 acres of corn, with 1,116 acres designated for seed-producing corn and 6,022 acres for edible corn. Starting from October this year, farmers have cultivated 982 acres of seed-producing corn and 3,455 acres of edible corn, totaling 4,437 acres as of today.

"This year, Minkin Township plans to cultivate over 7,000 acres of corn, including both seed-producing and edible varieties. So far, over 4,000 acres have been cultivated, and planting is ongoing. Efforts are being made to achieve the planned cultivation target. To ensure successful crop yields, we are providing educational programs and guidance to prevent pests and diseases," said Daw Hayman Kyaw Win, the head of the Minkin Township Department of Agriculture.

This year, the department has been supporting local farmers with training sessions, demonstration events, pest prevention programs, and knowledge-sharing on integrated crop protection systems. This includes the use of neem-based pesticides, ginger and chili pest control methods, and other agricultural practices.

In Minkin Township, seed-producing corn yields over 50 baskets per acre, with a cultivation cost of approximately 500,000 MMK per acre. Edible corn yields around 15,000 cobs per acre, with a cost exceeding 500,000 MMK per acre, according to local data. 206

# More than 500 acres of vegetables planted in Kyunhla Township

**Kyunhla December 14**

Local farmers have planted 561 acres of vegetables as cold season crops in Kyunhla Township of Sagaing Region this year, according to the statistics of Kyunhla Township Agriculture Department.

In 2024-25 cold season, local authorities set a plan to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of vegetables against the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, disclosed: "This year, we earmark to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, ladyfinger, cauliflowers and Chinese cabbage as well as cannabis. We share agricultural techniques with local farmers to grow crops in GAP system. Only when they grow crops in GAPs will vegetables be healthy for public consumption with least chemical residue."


A vegetable farm in Kyunhla Township.

Township Agriculture Department conduct training courses for local farmers and staff from the department to enhance their capacity for growing vegetable crops to be able to produce healthy crops for public consumption and expand sown acreage of crops.

Local farmers earn increased incomes from their vegetable plantations which are thriving in the township. Officials of the Township Agriculture Department disseminate techniques about making natural fertilizers and pesticides as well as ways of preventing pests.

206

# Maubin Township plans to grow more than 2,000 acres of chilli this winter

**Maubin December 14**

A plan is underway to grow 2,163 acres of chilli in Maubin Township of Ayeyawady Region this cold season, said U Zaw Min Tun, Head of Maubin Township Agriculture Department.

This year, officials of the Township Agriculture Department make field trips to inspect thriving plantations and provide assistance for local farmers to meet the target cultivation of crops.

U Zaw Min Tun, Head of Maubin Township Agriculture Department, disclosed: "Local farmers will grow more than 2,100 acres of chilli in Maubin Township this cold season. We will assist local farmers in selecting quality strains of crops to meet the target cultivation."

Officials of Township Agriculture Department will cooperate with farmers in growing chilli without difficulties, using quality strains of crops, boosting per-acre yield of crops and preventing pests.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ChaungU Township finishes cultivation of peanut on more than 5,000 acres of croplands

**ChaungU December 14**

The statistics of ChaungU Township Agriculture Department stated that a total of 5,415 acres of peanut has been planted in the township of Sagaing Region this year.

Local farmers grew 5,415 acres of peanut against the target of 6,900 acres of crops in ChaungU Township, starting from October this year.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: "Local authorities earmarked 5,900 acres of peanut this cold season, 5,415 acres of which has been planted by local farmers. Our department helps local farmers grow crops meeting the target. Peanut plantations are thriving in the township. Sown acreage of peanut is on the rise year by year.

Farmers use 1.5 baskets of peanut seeds per acre and cost more than K200,000 per acre of peanut for quality seeds, labour charge, fertilizers and pesticides. The crops yield more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, and removal of weeds.

206


A peanut plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားစစ်ဘက်က မီးပွိုင့်စနစ်ကို ဒရုန်းအန္တရာယ်ကြိုတင်သတိပေးစနစ်အဖြစ် အသုံးပြုထား



ရုရှားတပ်မတော်သည် တပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ယူကရိန်းထံမှ တိုက်ခိုက်လာနိုင်သည့် ဒရုန်းအန္တရာယ်များကိုကြိုတင်သတိပေးရန် လက်တွေ့ကျကျ တစ်မူထူးခြားသောနည်းဗျူဟာကို အသုံးပြုထားကြောင်း၊ ရုရှားနိုင်ငံ လမ်းများတစ်လျှောက် မီးပွိုင့်တစ်ခုဟုထင်မှတ်ရသည့်ခါတ်ပုံကို ယူကရိန်း ရေဒီယိုနည်းပညာဆိုင်ရာ ကျွမ်းကျင်အရာရှိတစ်ဦးဖြစ်သူ Serhii Beskrest-novက မျှဝေခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမီးပွိုင့်ကို သမားရိုးကျ ရိုးရိုးရှင်းရှင်း အသုံးပြုထားသည်ဟုထင်ရသော်လည်းလက်တွေ့တွင် ဒရုန်းရန်ကာကွယ်ရေးတွင် ကြိုတင်သတိပေးစနစ်တစ်ခုအဖြစ် အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။ အကွာအဝေးတစ်ခုမှ ရန်သူ့ဒရုန်းကိုတွေ့ရှိသောအခါ အဝါရောင်မီးလင်းလာပြီး ပိုမိုနီးကပ်လာသောအခါ အနီရောင်မီးလင်းလာကာ အနီးအနားပတ်ဝန်းကျင်တစ်ဝိုက်တွင် ဒရုန်းခြိမ်းခြောက်မှုလုံးဝကင်းစင်နေပါက အစိမ်းရောင်မီးလင်းနေမည်ဖြစ်ကြောင်း အစီရင်ခံ ဖော်ပြချက်များအရ သိရသည်။

ဒရုန်းအန္တရာယ် ကြိုတင်သတိပေးစနစ်သည် အချို့နေရာများတွင် ဖြစ်နိုင်ခြေရှိသော ဒရုန်းအန္တရာယ်များကို စစ်ဘက်နှင့် အရပ်ဘက်ယာဉ်မောင်းနှင်သူများအားလုံးထံ သတိပေးနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ယာဉ်များလမ်းကြောင်းတစ်လျှောက် ပိုမိုလုံခြုံစွာ သွားလာနိုင်စေမည်ဖြစ်သည်။ သို့သော် စနစ်တွင် ပါဝင်ဖွဲ့စည်းထားသော သီးခြားအစိတ်အပိုင်းများနှင့် ဖွဲ့စည်းတည်ဆောက်ထားပုံအသေးစိတ် အချက်အလက်များကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရပေ။

ရုရှားတပ်မတော်အနေဖြင့် ယူကရိန်းတို့၏ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များကိုတန်ပြန်ရန် သမားရိုးကျမဟုတ်သော နည်းလမ်းများကျင့်သုံးလုပ်ဆောင်ခြင်းတွင် ယခုဖြစ်ရပ်သည် ပထမဆုံးအကြိမ် မဟုတ်ပေ။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံရှိ တိုင်များကြား၌ ပိုက်ကွန်များဖြန့်ကြက်ကာ ရန်သူ့ဒရုန်းများရန်ကို ကာကွယ်ထားသည့် ဗီဒီယိုဖိုင်တစ်ခု ထွက်ပေါ်လာခဲ့သည်။ ပိုက်ကွန်တချို့မှာ ပျက်စီးနေသော်လည်း မြို့ပြဧရိယာများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ဝင်ရောက်လာသော ဒရုန်းများကိုဟန့်တားနိုင်ရန် အသုံးပြုနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ထို့ပြင် ရုရှားတပ်ဖွဲ့များသည် BMP-1 သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်ထားသော ထူးခြားသည့်ဒရုန်းကာကွယ်ရေးစနစ်ကို စစ်ဘက်လေ့လာအကဲခတ်သူများက တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ သတ္တုချောင်းများကို သံချပ်ကာယာဉ်၏ ကိုယ်ထည်တွင် အင်တင်နာတိုင်များကဲ့သို့ ဂဟေဆော် တပ်ဆင်ထားသောကြောင့် ဝင်ရောက်လာသောဒရုန်းများ၊ Loitering Munition များသည် ပစ်မှတ်ဆီသို့ မရောက်ရှိမီ သတ္တုချောင်းများနှင့်သာထိမှန်၍ စောစီးစွာပေါက်ကွဲစေနိုင်မည်ဖြစ်သည်။ မကြာသေးမီကလည်း ရုရှားနိုင်ငံ အင်ဂျင်နီယာများသည် အနီးနားရှိ ရန်သူ့ဒရုန်းများ၊ အနိမ့်ပျံလေယာဉ်များကဲ့သို့ ခြိမ်းခြောက်မှုပစ်မှတ်များကို မီးရှို့ဖျက်ဆီးပစ်နိုင်ရန် တီထွင်ထားသည့် မောင်းသူမဲ့လေယာဉ် အမျိုးအစားသစ်တစ်ခုကို ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။

ယခုထပ်မံထွက်ပေါ်လာသော မီးပွိုင့်သတိပေးစနစ်သည် ဒေသတွင်းလေကြောင်း စစ်ဆင်ရေး၏ တိုးတက်ဖွံ့ဖြိုးပြောင်းလဲမှုများနှင့်အတူ အလိုက်သင့်တုံ့ပြန်ဆောင်ရွက်နိုင်မှုကို ဖော်ညွှန်းပြသလျက်ရှိသည်။ မီးပွိုင့်စနစ်သည် ရိုးရှင်းပုံပေါ်သော်လည်း ၎င်းသည် ဒရုန်းခြိမ်းခြောက်မှုရန်များမှ အချိန်မီကာကွယ်နိုင်ရန် ရုရှားတပ်ဖွဲ့များအတွက် အခြေအနေအရပ်ရပ်ဆိုင်ရာ ကြိုတင်သတိပေးမှုနှင့်အတူဘေးကင်းလုံခြုံရေး အဆင့်မြှင့်တင်ရန် လက်တွေ့ကျကျ ချဉ်းကပ်လုပ်ဆောင်လာခြင်းပင် ဖြစ်ကြောင်း သိရသည်။

**Russian Military Using 'Traffic Lights' as Drone Warning Systems ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယကြည်းတပ်က မြန်နှုန်းမြင့်ကာမီကာဇီဒရုန်းသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့

အိန္ဒိယကြည်းတပ်သည် သတင်းအချက်အလက်များ တိကျစွာစောင့်ကြည့်ထောက်လှမ်းနိုင်ပြီး တိုက်ခိုက်ရေးတာဝန်များကို ပံ့ပိုးပေးနိုင်စွမ်းရှိမည့် မြန်နှုန်းမြင့်ကာမီကာဇီဒရုန်းသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Kharga ဟု အမည်ပေးထားသော အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် အလျင်နှုန်း တစ်စက္ကန့်လျှင် မီတာ ၄၀ ထိ ရောက်ရှိပျံသန်းနိုင်ပြီး အမေရိကန်တပ်မတော်၏ RQ-20 Puma ဒရုန်း အလျင်နှုန်းထက် ကျော်လွန်ပျံသန်းနိုင်စွမ်းရှိကာ MQ-27 ScanEagle ဒရုန်းနီးပါး တူညီစွာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည့် ဒရုန်းအမျိုးအစားလည်း ဖြစ်ကြောင်း သိရသည်။

Kharga ဒရုန်းတွင် အများဆုံး Pay-load တင်ဆောင်နိုင်စွမ်းအနေဖြင့် ဂရမ် ၇၀၀ သာရှိပြီး အားကောင်းသော ဖောက်ခွဲတိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် လုံလောက်သော Payload ပမာဏလည်းဖြစ်သည်။

GPS Navigation လမ်းကြောင်းပြစနစ် တပ်ဆင်အသုံးပြုထားသော်လည်း GPS ငြင်းဆိုထားသော စစ်မြေပြင်အခြေအနေများတွင် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေရန် အဆင့်မြင့် အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုစနစ်များ တပ်ဆင်အသုံးပြုပေးထားသေးသည်။ ရုပ်ထွက်မြင့်မားကောင်းမွန်သော High-Resolu-tion ကင်မရာတစ်လုံးပါရှိပြီး စောင့်ကြည့်ထောက်လှမ်းရေးတာဝန်များကို အကွာအဝေး ၁ ဒသမ ၅ ကီလိုမီတာ ကျော်ထိ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုးရေးမူဝါဒချမှတ်လုပ်ဆောင်နေမှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ခဲ့သော Kharga ဒရုန်းသည် ခေတ်သစ်စွမ်းဆောင်ရည်များနှင့် ကုန်ကျစရိတ်တတ်နိုင်မှုအပိုင်း၊ ထိုနှစ်ခုကြားတွင် မျှခြေဖြစ်စေရန် တီထွင်ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။ ဒရုန်းတစ်စင်းတန်ဖိုးမှာ အိန္ဒိယရူပီး ၃၀၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံ၏စီးပွားရေးစွမ်းဆောင်ရည်နှင့်ကိုက်ညီစွာ ခေတ်သစ်လေကြောင်းစစ်ပွဲများကို ပံ့ပိုးပေးနိုင်ရန် အရေးကြီးသောကာကွယ်ရေးအခန်းကဏ္ဍတစ်ရပ်အဖြစ် မျှော်မှန်းထားခြင်းလည်းဖြစ်သည်။ အိန္ဒိယကြည်းတပ်အနေဖြင့် မည်သည့်အချိန်ကာလမှ အဆိုပါ Kharga ဒရုန်းသစ်ကို တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုရန် စီစဉ်ထားသည်ကိုတော့ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။




အိန္ဒိယကြည်းတပ်သည် Kharga ဒရုန်းသစ်အပြင် မကြာသေးမီက တောင်ပံခြောက်ခုတပ် Sirin Hexa Drone သစ်တွင် စက်သေနတ်တစ်လက် တပ်ဆင်အသုံးပြု၍ တိုက်ခိုက်ရေးရည်မှန်းချက်များပေးအပ်နိုင်မှုကို မိတ်ဆက်ပြသခဲ့ကြောင်း၊ အဆိုပါ Sirin Hexa Drone အပါအဝင် ပြည်တွင်း၌ ထုတ်လုပ်ထားသောဒရုန်းအမျိုးမျိုးကို အမြင့်ပေ ၁၅၀၀၀ ထိစမ်းသပ်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း အိန္ဒိယကြည်းတပ်သည် အမေရိကန်နိုင်ငံ ဘိုရင်းကုမ္ပဏီထုတ် Chinook ရဟတ်ယာဉ်ပုံစံတူ ဒီဇိုင်းချိုးထားသော Sabal 20 မောင်းသူမဲ့လေယာဉ်(UAV)ကို တပ်တော်ဝင် အသုံးပြုနိုင်ကြောင်း သိရသည်။

India Introduces 'Kharga' High-Speed Kamikaze Drone ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၃၉၀၅ ဧကရိတ်သိမ်းပြီးစီး



**ရွှေဘို ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၃၉၀၅ ဧကရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၃၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ၃၉၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျောင်းကုန်း ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဒီဇင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီး အလုံးရေ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်ကနေ ထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ လက်ရှိ တစ်ရက်ကို ခဝဲသီး အလုံးရေ ၃၅၀၀၀ထိ အရောင်းအဝယ် ကောင်းနေပါတယ်။ ခဝဲသီးတွေက ကျောင်းကုန်းမြို့နယ် ထွက်ကုန်တစ်ခုပါ။ အခုလို ဒေသထွက် ခဝဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုအဆင်ပြေလာပါတယ်''ဟုကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်အေးမာက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် လက်ရှိ ခဝဲသီးများ အပါအဝင် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများဝယ်ယူမှုများလာသည့် အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ပွဲရုံပိုင်ရှင် ဒေါ်အေးမာထံမှ သိရသည်။

**ကျော်ကျော်လင်း**

# အောင်လံမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**အောင်လံ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေပင်ကျေးရွာအုပ်စု အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေများဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက အုတ်ရှစ်ကုန်းကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၈၉၀၀ ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၂၀၀ ဖြင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က ပြောပြ၍ သိရသည်။

**မောင်ခိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၁၂-၂၀၁၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





❑ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊သယံဇာတရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု



အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသား အသက် ၂၁ အောက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အမျိုးသား ၅၅ ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား ကီလို ၆၀ အထိကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား ၆၅ ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား စင်တီမီတာ ၁၇၀ အထိ ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်ရှမ်းပြည်နယ်နှင့်တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသား စင်တီမီတာ ၁၇၀ အထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်သည်။

အလားတူ ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု





အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ က အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင်ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်တတိယဆုရရှိသည့်ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးညဏ်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းဝင်းဇော်က အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့်တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင်





ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်း



ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးရဲတင့်က အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်းက အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ဒုတိယဆုနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အမျိုးသမီး မီတာ (၅၀×၄) လွှန်းပြန် အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀×၄ လွှန်းပြန် အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC-1 - တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး -၄၆ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမျိုးသမီး ၄၆ - ၅၁ ကီလိုအတိုက်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး ၅၁-၅၆ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမျိုးသား -၅၄ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား ၅၄-၅၈ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က အမျိုးသမီး ၅၆-၆၂ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုး သား ၅၈-၆၃ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၆၃-၆၈ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၆၈-၇၄ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၇၄ ကီလိုအထက် အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ခရစ်ကက်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း(၁)၌ ကျင်းပရာ ရခိုင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်း



မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုနယ်မြေ ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က အမျိုးသမီး တစ်ကိုယ်တော်ဓားတစ်လက်အပြေပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က အမျိုးသား၊ အမျိုးသမီးအတွဲလိုက် လက်နက်ပါ အပြေပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့်တတိယဆုရရှိသည့် ရန်ကုန်တိုင်းသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသား၊ အမျိုးသမီး အတွဲလိုက် လက်နက်ကာကွယ်နည်းအပြေပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓားရှည်အပြေပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အမျိုးသားလေးယောက်တွဲ လက်နက်မဲ့ အပြေပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၅၀-၅၅ ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အမျိုးသမီး ၅၅-၆၀ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး ၆၀-၆၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ဒုတိယဆုရရှိသည့်ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

ယင်း ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပခဲ့သည့် ဒီဇင်ဘာ ၁၅ ရက်ကို ရခိုင်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် နှစ် ၅၀ ပြည့်မြောက်ပြီဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ရှေးရခိုင်တိုင်းရင်းသားတို့၏ ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများပေါကြွယ်ဝသော ပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်းတောက်ပသည့် ဒေသတစ်ခုဖြစ်သည်နှင့်အားလျော်စွာ **"သဇင်ပန်းခိုင်တစ်မြိုင်မြိုင် ရခိုင့်ဘုရားပေါင်း"**ဆိုသည့်အတိုင်း သမိုင်းဝင်ရှေးဟောင်းစေတီပုထိုးများစွာတည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသဖြင့် နိုင်ငံ့အတွက်အရေးပါသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ ပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ သာယာလှပသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို နိုင်ငံအခြေအနေနှင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက်ဟန်ချက်ညီရှေ့ဆက်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ကျန်နေသည့်ဒေသများကို ဆက်လက်ကောက်ယူလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေး အခြေခံကျသည့် အုတ်မြစ်မှာ တရားမျှတ၍ သိက္ခာရှိသော နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့အတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်တို့ကိုလည်း အထူးအလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လူသားတိုင်းအသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ်ချမှတ်ထားပြီး စိုက်ပျိုးရေးတွင် ဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များထွက်ရှိလာစေရေး၊ နိုင်ငံသားတိုင်းအကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးမတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏အဓိကကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုင်းအဝိုင်းထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 ထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့် လူငယ်များပေါ်ထွက်လာရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အယူအဆမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများတွင်လည်း ပူးပေါင်းပါဝင်ခြင်းဖြင့် လူငယ်ကဏ္ဍကို မြှင့်တင်ပေးကြရန်လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်ကလည်း မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ရခိုင်ပြည်နယ်သည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ယခုအချိန်ထိ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံ၏ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံတချို့က ဩဇာလွှမ်းမိုးချုပ်ကိုင်လိုသည့်အတွက် ပြည်တွင်းမတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းကို မြင်တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ခဲ့သည့် MNDAA ၊TNLA ၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးကိုအကြောင်းပြပြီး လွဲမှားသောအယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြူဆွယ်ပြီး စစ်ပွဲထဲအတင်းအဓမ္မရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကိုတောင်းဆို၍မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကိုသိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိကြရေး တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူ ပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင်ဖြစ်ကြပါသည်။ ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကိုမြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်းသွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများလျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာအောင်မြင်နိုင်မည်ဖြစ် . . .**

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။**"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက်စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်းစသည့် တိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ပြည်နယ်သူပြည်နယ်သားများ၏ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မဟာမဲခေါင်ဒေသခွဲနယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ အစည်းအဝေးများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် လာအိုနိုင်ငံ၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင်ကျင်းပသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ဆိုင်ရာပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက်အစည်းအဝေးနှင့် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ရန် ဒီဇင်ဘာ ၁၁ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အစည်းအဝေး ပထမနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၂ ရက်မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှုကိစ္စရပ်များ၊ သဘောတူစာချုပ်၏အခြေပြစာချုပ်ငယ်-၁ (GMS CBTA Protocol 1)အရ လမ်းကြောင်းနှင့် နယ်စပ်ဝင်ထွက်ပေါက်နေရာများ ဒုတိယအကြိမ်ထပ်မံတိုးချဲ့ရေးအတွက် နားလည်မှုစာလွှာမူကြမ်းနှင့် ဂျီအမ်အက်စ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်အရ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မှုနှင့် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစည်းအဝေးဒုတိယနေ့ဖြစ်သည့် ၁၃ ရက်တွင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက်အစည်းအဝေးကို မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ဆက်လက်တက်ရောက်ရာ အစည်းအဝေးတွင် အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် ညှိနှိုင်းအစည်းအဝေး(NTFC SOM) အစီရင်ခံစာ၊ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးပူးတွဲကြေညာချက်နှင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်အခြေပြစာချုပ်ငယ်-၁(CBTA Protocol 1) ဆိုင်ရာလမ်းကြောင်းနှင့် နယ်စပ်ဝင်ထွက်နေရာများ ဒုတိယအကြိမ် ထပ်မံတိုးချဲ့ရေးအတွက် နားလည်မှုစာလွှာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ် (GMS CBTA) ကို ၂၀၀၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးက ၂၀၁၅ ခုနှစ်တွင် သဘောတူစာချုပ်နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်ငယ်များနှင့် အခြေပြစာချုပ်ငယ်များကို လက်ခံအတည်ပြုခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများကိုဖြေရှင်းရန် ဆက်သွယ်ချိတ်ဆက်မှုတိုးတက်မှုများမှ အကျိုးအမြတ်များဖြစ်သည့် ယှဉ်ပြိုင်မှုတိုးတက်လာခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်းဖြင့် ကုန်သွယ်မှုချောမွေ့လာခြင်း၊ ကုန်သွယ်မှု၊ ခရီးသွားမှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းနှင့် ဒေသတွင်းရှိ ပြည်သူများ၏ နေထိုင်မှုဘဝများတိုးတက်လာခြင်းတို့ကို ရယူရန်အတွက် အရေးပါသည့်စာချုပ်တစ်ခုဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲအတွင်း ပိုမိုကောင်းမွန်သော၊ ကြွယ်ဝပြည့်စုံသော အခြေအနေသို့ ရောက်ရှိရန်အတွက် စာချုပ်ကိုအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရမည်ဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက် ညပိုင်းတွင် မြန်မာ့အမျိုးသားလေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဦးဆောင်သောအဖွဲ့ စစ်တွေမြို့၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ဒေါက်တာဘရှေ့နှင့် ခွန်စံလွင်တို့ဦးဆောင်သော အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်နှင့်ဒုတိယဝန်ကြီးများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများ၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ပေးအပ်ချီးမြှင့်သည့် ဆန်၊ ဆီ၊ ဆား၊ပဲ၊ စည်သွတ်ဘူးများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။




ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေ့က ဌာနဆိုင်ရာများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကိုလုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည့်အတွက်များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် နိုင်ငံတော်၏မူဝါဒများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆောင်ရွက်မှသာ ထာဝရငြိမ်းချမ်းရေးကိုရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးမှသာ စစ်မှန်သောငြိမ်းချမ်းရေးကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခင်စစ်တွေမြို့ခရီးစဉ်တွင် ပြည်သူများနှင့် တွေ့ဆုံခဲ့မှုမှ ပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အကြီးအကဲထံသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့ပြီး နိုင်ငံတော်အကြီးအကဲကလည်း ချက်ချင်းခွင့်ပြုခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအနေဖြင့်လိုအပ်ချက်များရှိပါက မိမိတို့ထံသို့ တင်ပြပေးကြစေလိုကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို အားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘာ့သာသနာပြုမဟာဓမ္မယျာသိဒ္ဓိ အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်









**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသမီးလုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲများကိုယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် **အမျိုးသားလုံတံပစ်ပြိုင်ပွဲ**တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ နန်းထက်မောင်က ပထမ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြည့်ဖြိုးအောင်က ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သူရအောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးမီတာ ၁၀၀ တန်းကျော်အပြေးပြိုင်ပွဲ**၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဝင်းစန္ဒာထွန်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ နော်မြင့်မြင့်စန်းက ဒုတိယ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ဂျာစိုင်းပန်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသားမီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲ**တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ လွင်မိုးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပိုင်ကိုဝင်းက ဒုတိယ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မင်းသိခ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရေကူးကန်၌ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးမီတာ ၅၀ ပတ်လက်ကူးပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီး ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးမီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး ၅၀x၄ လွန်းပြန်လေးမျိုးကူးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကိုတာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ အမျိုးသား၊အမျိုးသမီး ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီး ၆၀-၆၅ ကီလိုတန်းပြိုင်ပွဲ၊ လက်နက်ကာကွယ်နည်းအပြ(ကျား+မ) စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသားဓားရှည်နှစ်ယောက်တိုက် အပြစွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲ လက်နက်မဲ့အပြစွမ်းရည်ပြပြိုင်ပွဲများကိုယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်၊ စနူကာပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘိလိယက်ရုံ၌ ကျင်းပရာ **စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်**တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ချမ်းမင်းကျော်က ကချင်ပြည်နယ်မှ ကျော်စွာတင့်ကို သုံးပွဲ နှစ်ပွဲ၊ ကယားပြည်နယ်မှ ရဲထွဋ်နိုင်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို သုံးပွဲ တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချစ်မိုးကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်မှ ဖီးအီက စစ်ကိုင်းတိုင်းဒေသကြီးမှ စိုးခန့်နိုင်ကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်ပွဲစဉ်**တွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ကရင်ပြည်နယ်မှ ကျော်ကျော်ထွန်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးမှ အေးမင်းက ကယားပြည်နယ်မှ ကျော်ဆန်းလွင်ကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက ပဲခူးတိုင်းဒေသကြီးမှ ထိန်ဝင်းကို သုံးပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းက မကွေးတိုင်းဒေသကြီးမှ အောင်ဖြိုးဝေကို သုံးပွဲ နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဋ္ဌေးက ရှမ်းပြည်နယ်မှ လှထွန်းကို သုံးပွဲ နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနုက မွန်ပြည်နယ်မှ ရဲဝင်းထွဋ်ကို သုံးပွဲပြတ်၊မကွေးတိုင်းဒေသကြီးမှ လင်းအောင်က ဧရာဝတီတိုင်းဒေသကြီးမှ နေလင်းဦးကို သုံးပွဲ နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟာစိုးက မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဖြိုးဝင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**9 Ball Pool တစ်ဦးချင်းပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရှမ်းပြည်နယ်မှ ကမ္ဘာလင်းက ဧရာဝတီတိုင်းဒေသကြီးမှ မိုးဝင်းကို ခုနစ်ပွဲလေးပွဲ၊မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရန်ကုန်တိုင်းဒေသကြီးမှ အောင်မြင့်ကို ခုနစ်ပွဲ ခြောက်ပွဲ၊ကချင်ပြည်နယ်မှ အောင်ကျော်မိုးက ရခိုင်ပြည်နယ်မှ စိုင်းဇာနည်ထွန်းကို ခုနစ်ပွဲ ခြောက်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က မကွေးတိုင်းဒေသကြီး ဟိန်းလတ်ကို ခုနစ်ပွဲ လေးပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 Red နှစ်ယောက်တွဲပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို သုံးပွဲ နှစ်ပွဲ၊ ကချင်ပြည်နယ်က ရခိုင်ပြည်နယ်ကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးက ကရင်ပြည်နယ်ကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးက မွန်ပြည်နယ်ကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးက ဧရာဝတီတိုင်းဒေသကြီးကို သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေနေပြည်တော်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်က ကယားပြည်နယ်ကို သုံးပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်က မွန်ပြည်နယ်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ **9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးက မန္တလေးတိုင်းဒေသကြီးကို ခုနစ်ပွဲ လေးပွဲ၊ ရှမ်းပြည်နယ်က ဧရာဝတီတိုင်းဒေသကြီးကို ခုနစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်က ပဲခူးတိုင်းဒေသကြီးကို ခုနစ်ပွဲ နှစ်ပွဲ၊ ကချင်ပြည်နယ်က ကရင်ပြည်နယ်ကို ခုနစ်ပွဲ သုံးပွဲဖြင့်လည်းကောင်းအနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ အမျိုးသား ၂၁ နှစ်အောက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုထိ ကာယဗလပြိုင်ပွဲ၊အမျိုးသား ကီလို ၆၀ ထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၅ ကီလိုထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား စင်တီမီတာ ၁၇၀ ထိကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာ အထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊အမျိုးသမီး Athletic Physique ပြိုင်ပွဲ၊ အမျိုးသား Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲဗိုလ်လုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း(၁/၂)၌ကျင်းပရာ **အမျိုးသားခရစ်ကက်ပြိုင်ပွဲ**တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပထမ၊ ရခိုင်ပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊**အမျိုးသမီးခရစ်ကက်ပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံး ကွာတားဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း (၃)၊ (၄)၊ ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ငါးဂိုး နှစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုး၊ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲအုပ်စုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး ဂိုးမရှိ၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးဂိုး နှစ်ဂိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး တစ်ဂိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**





စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်းကို ၁၇ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ တတိယလုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပထမ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တတိယဆုကို ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးတိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းတိုက်ကွမ်ဒိုရုံ၌ကျင်းပရာ အမျိုးသမီး ၄၆ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၄၆-၅၁ ကီလိုတန်းအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၁-၅၆ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄-၅၈ ကီလိုတန်းအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၆-၆၂ ကီလိုတန်း အတိုက်အပြိုင်ပွဲ၊ အမျိုးသား ၅၈-၆၃ ကီလိုတန်းအတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၃- ၆၈ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၈- ၇၄ ကီလိုတန်းအတိုက်ပြိုင်ပွဲ၊ အမျိုးသား ၇၄ ကီလိုတန်းအထက် အတိုက်ပြိုင်ပွဲများယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးစားပွဲတင်တင်းနစ်ပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ ကျင်းပရာ အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအလေးမပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းအလေးမပြိုင်ပွဲရုံ၌ကျင်းပရာ **အမျိုးသား ၆၁ ကီလိုတန်းပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှမြတ်ကျော်သူက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မျိုးမင်းလတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဝမ်ကြားလယ်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၄၉ ကီလိုတန်းပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်ထက်ထွန်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နော်အယ်ကညောဂျော့က ဒုတိယ၊ပဲခူးတိုင်းဒေသကြီးမှ ဇင်ငြိမ်းအေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို**ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ယနေ့အချိန်ထိအဆင့်လိုက် ရပ်တည်မှုအနေဖြင့် **ဝန်ကြီးဌာနအဆင့်အားကစားပြိုင်ပွဲများ**တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ရွှေ ခုနစ်ခု၊ ငွေ ငါးခု၊ ကြေး နှစ်ခုဖြင့် အဆင့်(၁)နေရာတွင်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ရွှေ ခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေး ခြောက်ခုဖြင့် အဆင့်(၂)နေရာတွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ရွှေ ခြောက်ခု၊ ငွေ နှစ်ခု၊ ကြေး ငါးခုဖြင့် အဆင့် (၃)နေရာတွင် လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၅၄ ခု၊ ငွေ ၂၅ ခု၊ ကြေး ၂၃ ခုဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ရှမ်းပြည်နယ်က ရွှေ အခု ၂၀၊ ငွေ ၂၄ ခု၊ ကြေးအခု ၃၀ ဖြင့် အဆင့် (၂)နေရာတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ ၁၇ ခု၊ ငွေ ၁၁ ခု ၊ ကြေး ၁၅ ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ဝန်ထမ်းများ၊ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# သုံးခွမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာမှ ဒေသခံပြည်သူ ၁၂၈ ဦးတို့ကို အဆိုပါကျေးရွာရှိ ဘိုးဘွားရိပ်သာဓမ္မာရုံ၌ လည်းကောင်း၊ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်းတန်ကျေးရွာမှ သံဃာတော်ခြောက်ပါးနှင့်ဒေသခံပြည်သူ ၁၂၉ ဦးတို့ကို အဆိုပါကျေးရွာရှိ စံပယ်ခြံတပ်ဦးကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘူမိအနောက်ရပ်ကွက်မှ သံဃာတော် ၁၀၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၃၃ ပါးနှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ မဏိရတနာရာမမြတောင်ကျောင်းတိုက်၌ လည်းကောင်း အသီးသီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် တရုတ်သံရုံးမိသားစုများ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅) နှစ်ပြည့်မြောက်သည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦး၊ နယက၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များပါဝင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Ms.MaJia၊ သံမှူးကြီးများ၊ သံရုံးမှတာဝန်ရှိသူများပါဝင်သောသံရုံးမိသားစုများတွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ Pan Paciffic Hotel ၌ ကျင်းပခဲ့သည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် တရုတ်သံအမတ်ကြီးတို့က အမှာစကား ပြောကြား ခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အပြန်အလှန် လက်ဆောင်ပေးအပ်ခြင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအခွန့်ရှည်ခိုင်မြဲစေရေး စုပေါင်းဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြကာ ချစ်ကြည်ရင်းနှီးစွာ ညစာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှဆက်**

အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်သည် ၁၉၂၄ ခုနှစ်တွင် စတင်သန္ဓေတည်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်ဆိုလျှင် သက်တမ်း နှစ် ၁၀၀ တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပန်းပွဲတော်အနေဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ၁၇ ကြိမ်မြောက် ပန်းပွဲတော်လည်းဖြစ်ပါကြောင်း၊ ပွဲတော်ကာလအတွင်း နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်သူများဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ထည့်သွင်းပြုလုပ်ပြီး ဥယျာဉ်အတွင်းထပ်မံစိုက်ပျိုးသင့်သည့်ပန်းမျိုးများကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်နှင့် ဥယျာဉ်၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် ပန်းပွဲတော်တို့သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသလူမှုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့်အတွက် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကိုဂုဏ်ယူ၍ လက်ဆင့်ကမ်းတန်ဖိုးထားထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)မှ တာဝန်ရှိသူတစ်ဦးက ပန်းပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့မှ တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးအနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အကအဖွဲ့တို့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကာ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး ပြခန်းများကို ကြည့်ရှုခဲ့ကြသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆန်းသစ်သည့်မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း၊ ပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသမည့် ဇုန်တစ်ဇုန်အပါအဝင် ဇုန် ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် အမျိုး ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ အမျိုး ၂၀ စုစုပေါင်းပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့်ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ (၁၄-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## တနိုင်းမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ယနေ့ နံနက် ၇နာရီ ၃၅ မိနစ် ၃၂ စက္ကန့်အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တနိုင်းမြို့၏ အရှေ့တောင်ဘက် ၂၆ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၆ ဒသမ ၁၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၁၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဒီဇင်ဘာ ၁၅ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများ အတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။(၅၀၁)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့်ပိန်းဇလုပ်ဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အတွင်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိဘူတာနှင့် ပိန်းဇလုပ်ဘူတာကြား မိုင်တိုင်အမှတ် ၉၉/၆-၇ နေရာရှိ အစုန်ရထားလမ်းပေါ်၌ ဒီဇင်ဘာ ၁၃ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်းထိခိုက်ပျက်စီးခဲ့ပြီး တော်ဝိနှင့်ပိန်းဇလုပ်ရထားလမ်းပိုင်းကို နံနက် ၆ နာရီ မိနစ် ၂၀ တွင် ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ သံလမ်းနှစ်ချောင်း တစ်ပေခွဲခန့်စီ ပြတ်တောက်၍ ရထားလမ်းအောက်ခံမြေသား ခြောက်ပေပတ်လည်ခန့် ကျင်းဖြစ်ပေါ်ခဲ့သည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး တော်ဝိ-ပိန်းဇလုပ် အဆန်လမ်းပိုင်းကို နံနက် ၆ နာရီခွဲတွင် ဧကလမ်းစနစ်ကျင့်သုံး၍ ရထားများဖြတ်သန်းခွင့်ပြုကာ အစုန်လမ်း၏ ပြတ်တောက်သွားသော သံလမ်းနှစ်ချောင်းကိုလဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နံနက် ၉ နာရီ မိနစ် ၄၀ ၌ စတင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် အစုန်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားများပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၉၂၃-A)အဆန်ကုန်ရထားသည် ညောင်လေးပင်ဘူတာသို့ နံနက် ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၉၉၃)အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ်(၉၂၃-B) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း အသီးသီးရောက်ရှိရပ်တန့်ထားခဲ့ရသည်။

ထို့အတူ လူစီးရထားများဖြစ်သော မန္တလေး-ရန်ကုန် အစုန်အထူးလူစီးရထားသည် ပဲနွယ်ကုန်းဘူတာသို့ နံနက် ၇ နာရီ ၅၈ မိနစ်တွင်ရောက်ရှိ၍ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၂ နာရီ ၄၇ မိနစ်၊ အမှတ်(၁၁)အဆန် လူစီးအမြန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၈ နာရီ ၂၃ မိနစ်တွင် ရောက်ရှိ၍ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် နှစ်နာရီနှင့် အမှတ်(၂) အစုန်စာပို့ရထားသည် ဒိုက်ဦးဘူတာသို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ၍ နံနက် ၁၀ နာရီ ၃၈ မိနစ်တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၄၈ မိနစ်အသီးသီး ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ၊ ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား၊ သံလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း ၁၇၄ ကြိမ်၊ ဘူတာအဆောက်အအုံနှင့်ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။





ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း တော်ဝိဘူတာနှင့် ပိန်းဇလုပ် ဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးနေမှုကို တွေ့ရစဉ်။





ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း တော်ဝိဘူတာနှင့် ပိန်းဇလုပ် ဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ဝန်ထမ်းများက ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ကျိုက်ကွမ်း(ခ) အိုက်ကွမ်း မောင်းနှင်ပြီး စိုင်းလ လိုက်ပါလာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် တန့်ယန်းမြို့ ရပ်ကွက်(၅)တွင် စိုင်းခမ်းလူ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

အလားတူ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် လွိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ခွန်နေဝင်း မောင်းနှင်ပြီး စိုးသူ လိုက်ပါလာသည့် Light Truck အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်းကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)



ဝတ္ထုတိုကလျှာ

# တောင်ပံနှစ်ဖက်

ညိမ်းညို



(၁)

မောင်ရေချမ်းတို့ကျောင်းတွင် ချစ်စရာကောင်းသော အစဉ်အလာကောင်းတစ်ခုရှိ၏။ နှစ်စဉ် ကျင်းပမြဲဖြစ်သော ပညာရေးစုံညီပွဲတော်နှင့်အတူ နံရံကပ်စာစောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ ကိုးတန်း၊ဆယ်တန်းမှ ကျောင်းသားကြီးများက ဦးဆောင်ပြုလုပ်ကြခြင်းဖြစ်၏။ ကျောင်းသား၊ ကျောင်းသူလေးများ၏ လက်ရာသီးသန့်သာဖြစ်သည်။ ဆရာ၊ ဆရာမများက ဝင်ရောက်စွက်ဖက်ခြင်း မပြုကြဘဲကြည့်ရှုကြပ်မတ်ပေးရုံမျှသာ ဆောင်ရွက်ကြသည်။

ဒသမတန်း(က)မှ ကိုရာဇာဆိုသော အစ်ကိုကြီးမှာ ပြင်ပမဂ္ဂဇင်းများတွင်ပါ ဝတ္ထုတိုကလေးတွေဖော်ပြခြင်းခံနေရပြီဟု ဆရာများက ပြောကြသည်။ ထိုအစ်ကိုကြီးနှင့် ဝါသနာတူသူငယ်ချင်းများပါဝင်သောအဖွဲ့က စာမူများကို လက်ခံစာရင်းသွင်းခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ တည်းဖြတ်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးကြခြင်း ဖြစ်သည်။

နံရံကပ်စာစောင်ကို တန်းစီကွင်းနှင့် ကပ်လျက်မှ လက်တွေ့စမ်းသပ်ခန်းများရှိရာ သိပ္ပံဆောင်မျက်နှာစာတွင် နှစ်စဉ်ခင်းကျင်းပြသလေ့ရှိသည်။ နံရံကပ်စာစောင်များမှာ အရောင်အသွေး စုံလင်လှသည်။ မူလတန်းကလေးငယ်များအတွက် ကလေးပန်းချီကဏ္ဍပါသည်။ မောင်ရေချမ်းတို့ အလယ်တန်းကျောင်းသားများဆိုလျှင် ကဗျာတိုကလေးများ၊ ပုံပြင်ကလေးများဝင်ရေး၍ ရနေပါပြီ။ အတန်းကြီးများကမူ ဝတ္ထုတိုကလေးများ၊ ရသစာတမ်းကလေးများထိ ရေးသားတင်ဆက်ကြသည်။

နဝမတန်း(ခ)မှ ကိုသိန်းဇော်ဆိုသော အစ်ကိုကြီးမှာ ပုံဆွဲတော်လှသည်။ ဘာကြောင့်မှန်းမသိ ပါဝါမျက်မှန်အဝိုင်းကလေးတပ်ထားသော အဲသည်အစ်ကိုကြီးကို သူ့သူငယ်ချင်းများက “ငှက်ရေ… ငှက်ရေ” ဟု ခေါ်တတ်ကြသည်။ နံရံကပ်စာစောင်တစ်ခုလုံးကို သူပဲ အလှဆင်သွားခြင်းဖြစ်သည်။ စာမူများနှင့် လိုက်ဖက်သည့် သရုပ်ဖော်ပုံလှလှကလေးများကိုလည်း သူပဲ ဒိုင်ခံဆွဲပေးရှာသည်။

သည်နှစ် နံရံကပ်စာစောင်တွင် ဆရာဦးတိုး၏ တည်းဖြတ်ပြင်ဆင်ပေးမှုဖြင့် မောင်ရေချမ်း၏ ကလေးကဗျာလေးတစ်ပုဒ် ဖော်ပြခြင်းခံရသည်။ မောင်ရေချမ်းတစ်ယောက် ပျော်လိုက်သည်ဖြစ်ခြင်း။ ကိုလင်း၊ မောင်မောင်နှင့် ယမင်းတို့လည်း မောင်ရေချမ်းနှင့်ထပ်တူ ပျော်ရွှင်နေကြသည်။ သူငယ်ချင်းလေးယောက်သား နံရံကပ်စာစောင်ပေါ်မှ ''ကိုချက်စူနဲ့ ဖိုးဆိတ်ဖြူ''ဆိုသော ကဗျာကလေးကို အသံထွက်ပြီး ရွတ်လိုက်ကြသေးသည်။

ဒေါသကြီးတဲ့ ကိုချက်စူ
သရဲကြီးနဲ့တူ။
မတူဘူးထင် သေချာကြည့်
ပိုလို့ တူပါ၏။
သဘောကောင်းတဲ့ ဖိုးဆိတ်ဖြူ
နတ်သားလေးနဲ့တူ
တူရုံမက ပိုလို့လှ
ပြုံးပြုံးရွှင်ရွှင်ဗျ။

ကိုလင်းက သရုပ်ဖော်ပုံမှ ကိုချက်စူနေရာကို လက်ညှိုးထိုး၍ မောင်မောင့်ကိုကြည့်ပြီး “မင်းနဲ့တူတယ်ကွ” ဟု ပြောသည်။ မောင်မောင်ကလည်း သွက်သည်။ ဖိုးဆိတ်ဖြူနေရာကို ညွှန်ပြ၍ ''ငါက နတ်သားလေးကွ''ဟု ချက်ချင်းပြန်ပြောသည်။

ငြိမ်ချက်သားကောင်းနေသော ယမင်းသည် ခေါင်းကိုကုတ်၍ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ပြုသည်။ ပြီးတော့မှ ဘာစိတ်ကူးပေါက်သည်မသိ။

''နင် စာမူခရတယ် မဟုတ်လား။ လာ ငါတို့ မုန့်သွားစားကြမယ်''ဟု ဆိုသတည်း။

(၂)

''ဖုန်း''

ဘောလုံးက အရှိန်ပြင်းသည်။ ''ဖုန်း''ခနဲမြည်ပြီး အရှိန်နှင့်ပြေးဝင်လာသဖြင့် မောင်ရေချမ်း ရုတ်တရက်ဒိုင်ဗင်ပစ်လိုက်သော်လည်း ဖမ်း၍မမိခဲ့။

ထင်သည့်အတိုင်းပင်။ မောင်ရေချမ်းတို့ဘက်သို့ ဂိုးဝင်အောင်သွင်းလိုက်သူမှာ အလက(ရေဦးကြီး)မှ အောင်ဇင်ဦးပဲ ဖြစ်သည်။ အောင်ဇင်ဦးက မောင်ရေချမ်းတို့နှင့် တစ်တန်း ကွာသည်။ ရေဦးကြီးရပ်ကွက်ရှိ အလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသားတစ်ဦးဖြစ်သည်။ ပြီးတော့ သူက 'လေးပေကိုးလက်မအောက် (ထိုစဉ်ကသက်တမ်းအလိုက် မဟုတ်ဘဲ ဘောလုံးပြိုင်ပွဲများကို အရပ်နှင့် ကျင်းပလေ့ရှိသည်) မြို့နယ်လက်ရွေးစင်တစ်ဦးလည်း ဖြစ်သည်။

မြက်ခင်းပေါ်ဆိုသော်လည်း အရှိန်နှင့်ပစ်ကျသဖြင့် မောင်ရေချမ်း တော်ရုံနှင့် မထနိုင်။ မောင်မောင်နှင့်ကိုလင်းတို့ ပြေးလာကြသည်။ ကမ်းလာသောလက်တစ်ဖက်ကို ဆွဲယူ၍ မောင်ရေချမ်း ထလိုက်သည်။ သူ့ကို ဂိုးကန်သွင်းလိုက်သူ အောင်ဇင်ဦး ဖြစ်နေသည်။ ကိုလင်းနှင့် မောင်မောင်မှာ သူ့ဆီသို့ပြေးလာနေဆဲ။

''သူငယ်ချင်း နာနေသေးလား''

အောင်ဇင်ဦးက ဆွဲထူပေးရင်း မေးသည်။ မောင်ရေချမ်း ပြုံးပြလိုက်သည်။ ဘောလုံးကန်ကောင်းသော အောင်ဇင်ဦးထံမှ အားကစားစိတ်ဓာတ်ပြည့်ဝသော အပြုအမူကို မောင်ရေချမ်း ခံစားလိုက်ရ၍ ဖြစ်သည်။

မောင်ရေချမ်းတို့မှာ ကျောင်းပိတ်ရက်များဆိုလျှင် အခုလိုပဲ တစ်ကျောင်းနှင့်တစ်ကျောင်း ဘောလုံးချိန်းကန်ကြလေ့ရှိသည်။ တစ်ခါတွင် သူတို့ ဘောလုံးကန်သည့်နေရာသို့ ဆရာဦးတိုးရောက်လာပြီး အစအဆုံး ထိုင်ကြည့်သွားသည်။ သူတို့အနေ ရမခက်စေရန် ''လမ်းကြုံလို့ ဝင်လာတာ'' ဟု ဆရာက ပြောသည်။ ဆရာရှိနေသဖြင့် ကစားပွဲမှာ တော်ရုံအငြင်းပွားဖွယ်များမှအပ ခိုက်ရန်ဖြစ်ပွားမှုမရှိဘဲ အေးချမ်းစွာပြီးဆုံးသွားသည်။ ဆရာက နှစ်ဖက်စလုံးမှ ကစားသမားများအတွက် အအေးဘူး များဝယ်ပေးသည်။ ပြီးတော့ နောက်နောင်လည်း အခုလိုပဲ ချစ်ချစ်ခင်ခင်ကစားကြဖို့ သူတို့အားလုံးထံမှ ကတိတောင်းသွားလေသည်။

(၃)

နဝရတ်ဆောင်အပေါ်ထပ်ရှိ ခန်းမကျယ်ကြီးထဲတွင် ဖိတ်ကြားထားသည့်မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ခန်းလုံးပြည့်စည်ကားနေ၏။ ကျောင်းအုပ်ဆရာမကြီး အစီအမံဖြင့် နှစ်စဉ်ကျင်းပ မြဲဖြစ်သည့် အထက်တန်းကျောင်းသားကြီးများ၏စကားရည်လုပွဲဖြစ်သည်။

သည်နှစ်အတွက် အဓိကယှဉ်ပြိုင်ဘက်များမှာ နဝမတန်း(က)မှ ကိုညဏ်မျိုးနှင့် ဒသမတန်း(ခ)မှ ကိုမိုးအောင်တို့ ဖြစ်သည်။ ကိုညဏ်မျိုးက "ကျောင်းသားတစ်ယောက်အတွက် အားကစားထက် ကျောင်းစာက ပိုအရေးကြီးသည်" ဟူသော ခေါင်းစဉ်ဖြင့် အဆိုတင်သွင်းသည်။

ကိုညဏ်မျိုးသည် သူကိုယ်တိုင်ကလည်း ပညာရည်ထူးချွန်သည့် ကျောင်းသားတစ်ဦး ဖြစ်သည့်အားလျော်စွာ အချက်အလက်စုံစုံလင်လင်၊ အကိုးအကားဖွယ်ဖွယ်ရာရာနှင့် သူ့အဆိုကို တင်ပြသွားသည်။ ပရိသတ်က လက်ခုပ်ဩဘာ ပေးကြသည်။

ပြန်လည်ချေပသူ ကိုမိုးအောင်ကလည်း ခေသူမဟုတ်။ သူကိုယ်တိုင်က ဘော်လီဘောနှင့် ဘောလုံးအားကစားတွင် ထူးချွန်သူ၊ မြို့နယ်လက်ရွေးစင်တစ်ဦးပီပီ "ကျောင်းသားတစ်ယောက်အတွက် အားကစားကလည်း ကျောင်းစာနည်းတူ အရေးကြီးသည်" ဟူသော ချေပချက်ကို အတွေ့အကြုံများနှင့်ယှဉ်၍ မြိုင်မြိုင်ဆိုင်ဆိုင် တင်ပြသွားသည်။ ပရိသတ်က ကိုမိုးအောင်ကို လက်ခုပ်ဩဘာ ပေးကြပြန်၏။

နှစ်ယောက်သား ဘတစ်ပြန်ကျားတစ်ပြန် ချေပပြောဆိုကြပြီးနောက် ပရိသတ်မှာ သိသိသာသာ နှစ်ခြမ်းကွဲသွားသည်။ ကျောင်းစာဘက်ကို အားသန်သည့် ကျောင်းသား၊ ကျောင်းသူများက ကိုညဏ်မျိုးအလှည့်ပြီးသည်နှင့် ဟေးခနဲအော်၍ လက်ခုပ်များ တီးကြသည်။ ထိုနည်းတူ အားကစားလိုက်စားသော ကျောင်းသား၊ကျောင်းသူများကလည်း ကိုမိုးအောင်ကို အားကျမခံ အားပေးကြပြန်၏။

စကားရည်လုပွဲမှာ ပျော်ပျော်ရွှင်ရွှင်၊ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသဖြင့် ကျောင်းအုပ်ဆရာမကြီးလည်း ဝမ်းသာနေသည်။

(၄)

ကျောင်းစာနှင့် အားကစား ယှဉ်ပြိုင်ငြင်းခုံမှုက စကားရည်လုပွဲပြီး၍ မောင်ရေချမ်းတို့ စာသင်ခန်းထဲ ပြန်ရောက်သည်အထိ ပါလာ၏။ ကစားခုန်စားဝါသနာပါသည့် ပိုင်မင်းဋ္ဌေးနှင့် သက်ထားဦးတို့က ကိုမိုးအောင်၏ပြောဆိုမှုများကို ထောက်ခံသည်။ စိုးသော်တာ၊ မျိုးမြင့်နှင့် သန္တာတို့က ကိုညဏ်မျိုးကို သဘောကျသည်။

ဆရာဦးတိုးက တပည့်များ၏ဆွေးနွေးပွဲကို နားထောင်နေရာမှ မေးခွန်းတစ်ခုမေးသည်။

"တပည့်တို့ ငှက်ကလေးတွေကို မြင်ဖူးတွေ့ဖူးကြတယ်မဟုတ်လား"

မောင်ရေချမ်းတို့အားလုံးက မြင်ဖူး၊တွေ့ဖူးကြောင်း ဖြေကြ၏။

"ဒါဖြင့်ရင် အဲဒီငှက်ကလေးတွေက ဘာကြောင့် ပျံသန်းနိုင်တယ်လို့ ထင်သလဲကွာ"

ဆရာက ထပ်ဆင့်မေးသည်။ မောင်ရေချမ်းတို့ ခဏမျှငြိမ်သွား၏။ အတန်ကြာမှ ကိုလင်းက–

"အတောင်ပံပါလို့ပါ ဆရာ"

"အတောင်ပံက တစ်ဖက်လား နှစ်ဖက်လားကွ"

"နှစ်ဖက်ပါ ဆရာ"

"ဒါပေါ့ကွ။ အတောင်ပံက နှစ်ဖက်ရှိမှ ပျံနိုင်မှာ၊ တစ်ဖက်ထဲဆို ဟန်ချက်မညီဘဲ ဘယ်ကိုမှ ပျံနိုင်မှာ မဟုတ်ဘူး။ ကိုလင်းက တော်တယ်။ ကဲ ကိုလင်း ထိုင်"

ဆရာက တပည့်များကို ကြင်ကြင်နာနာကြည့်၍ စကားဆိုသည်။

"အဲဒီလိုပဲ ငါ့တပည့်တွေဟာလဲ ကျောင်းစာဆိုတဲ့ ပညာအတောင်ပံရော၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ အားကစားဆိုတဲ့ အတောင်ပံကိုရော နှစ်ဖက်စလုံး ပြည့်စုံရမယ်ကွ။ ဒါမှသာ အမြင့်ကိုပျံသန်းနိုင်ပြီး ကိုယ်သွားချင်တဲ့နေရာကို ရောက်မှာပေါ့ကွာ''

ဆရာဦးတိုးက အစွန်းရောက်လျှင် ဘယ်အရာမျှ မကောင်းကြောင်း၊ စကားရည်လုပွဲတို့၏သဘောအရ အဆိုနှင့်အချေ အပြန်အလှန်ယှဉ်ပြိုင် ရသော်လည်း နှစ်ဖက်စလုံးမှန်ကန်ကြောင်း၊ ကျောင်းသားတစ်ဦးအဖို့ ကောင်းသောအရာမှန်သမျှကို ဆောင်၍ မကောင်းသောအရာမှန်သမျှကို ရှောင်နိုင်အောင် လိုက်နာပြုကျင့်ရမည်သာဖြစ်ကြောင်း ရှင်းပြသည်။

ဆရာဦးတိုး စကားအဆုံးတွင် မောင်ရေချမ်းတို့အားလုံး ကျေနပ်စွာ ခေါင်းညိတ်ဖြစ်ကြ၏။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၄၆၅၅ ဧက စိုက်ပျိုးပြီးစီး



**ထီးချိုင့် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၄၆၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ပဲပုပ် ၄၆၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ပဲပုပ် ၄၆၀၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၆၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးတာတွေလဲ ဆောင်ရွက်ပေးတယ်။ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေ သိရှိနိုင်ဖို့ အသိပညာပေးထားပြီးလဲ ဖြစ်ပါတယ်"ဟုထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲပုပ် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုများကို တောင်သူတွေနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်ထံမှ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးပြေမ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့

**ဘိုကလေး ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးပြေမ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးပြေမ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးပြေမ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုများပြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငါးပြေမ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ဒေသထွက် ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချကြပါတယ်။ အခြားဒေသထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။



ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုးစလုံး ထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ငါးပြေမ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမဈေးကွက် အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ထပ်တိုးမွေးမြူလာကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် သမင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးတွံတေးခရိုင်ကော့မှူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဒေသထွက်ကုန်သီးနှံများ ရာသီမရွေးဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် သမင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ဒီဇင်ဘာလ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးနှင့် ကော့မှူးမြို့နယ်မှ တာဝန်ရှိသူများသည် သမင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းမြေသားခင်းခြင်းနှင့်ဂဝံကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ကျေးရွာလမ်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သမင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်၄ဒသမ ၅၄၅ဖာလုံ၊ အကျယ်၁၈ပေ၊ အမြင့်နှစ်ပေ မြေသားခင်းခြင်းနှင့်ဂဝံကျောက်အမြင့်ကိုးလက်မ ခင်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၃၂ဒသမ၅သန်းဖြင့် ဌာနမှ တာဝန်ယူ၍ ယခုနှစ်ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးဖြစ်ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ပြောပြ၍ သိရသည်။

**အိပိုးပိုး**

## လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူး

- မြူမှုန်ပါးလျ ဒီဇင်ဘာ
  မိုးသောက်ရောင်နီလာ၊
  ပေါင်းဖော်များစွာ ကိုယ်လက်လှုပ်ရှား
  ထူးတဲ့အားကစား။
- အကျိုးလည်းများ အသက်မတို
  အရွယ်တင်နုပျို၊
  လူ့ခန္ဓာကိုယ် ကောင်းမွန်စွ
  ရောဂါကင်းဝေးရ။
- လူမှုဘဝ ရှင်သန်ရာ
  အဓိပ္ပာယ်ရှိလာ၊
  ကျန်းမာဖို့တွေး နေထိုင်ရေး
  အချိန်ပေးစို့လေး။
- ခန္ဓာကသွေး ကောင်းမွန်လျှင်
  ပေ့ါပါးစိတ်ကြည်လင်၊
  နေ့စဉ်ပုံမှန် လမ်းလျှောက်မှ
  သွေးလည်ပတ်မှုမျှ။
- ကျန်းမာဝဖြိုး ပြည့်ဉာဏ်ရည်
  သုခပြည့်ဝမည်၊
  ကျန်းမာခြင်းသည် လာဘ်တစ်ပါး
  စိတ်လည်းလန်းရွှင် ပြည့်စွမ်းအား
  အကျိုးကျေးဇူးများ။ ။

**စျာန်လေး(ပညာရေး)**

# ငဖဲမြို့နယ် အောင်ပင်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ပင်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်း နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၈သိန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောင်ပင်လယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကိုငွေကျပ် ၂၄၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကိုငွေကျပ် ၂၂ သိန်း စုစုပေါင်း အသင်းဝင်ဦးရေ ၆၀ ကို ငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ကျန်းမာရေးအတွက် စားသုံးသင့်သောဆီ

ကျွန်ုပ်တို့စားသုံးရန်အတွက် တစ်ခုခုကို ချက်ပြုတ်သည့်အခါတိုင်း ဆီသည် မပါမဖြစ်သော စားသုံးကုန်တစ်မျိုး ဖြစ်သည်။ ဆီအမျိုးအစားအရလည်း နေကြာဆီ၊ နှမ်းဆီ၊ ပဲဆီတို့မှစ၍ ထောပတ်သီးဆီ၊ အုန်းဆီတို့အထိ အမျိုးမျိုးမှ နှစ်သက်ရာကို ရွေးချယ်စားသုံးနိုင်ကြသည်။ သို့သော် မည်သည့်ဆီအမျိုးအစားကို စားသုံးခြင်းက ကျွန်ုပ်တို့၏ ကျန်းမာရေး၊ အထူးသဖြင့် သွေးတွင်းအဆီ ပမာဏ၊ သွေးတိုးခြင်းနှင့် နှလုံးသွေးကြောရောဂါများဖြစ်ပွားခြင်းများအပေါ် သက်ရောက်မှုရှိစေသည်။ မည်သည့်ဆီမျိုးက ကျန်းမာရေးအတွက် ပိုကောင်းသည်ဆိုသော ကျန်းမာရေးပညာပေးများကိုလည်း လူတိုင်းလိုလို ဖတ်ရှု၊ နားထောင်ဖူးကြသည်သာဖြစ်သည်။

မည်သည့်ဆီအမျိုးအစားသုံးသင့်သည်ကို မဆုံးဖြတ်မီ ဆီများ၏ ဓာတုဗေဒအကြောင်းကို ဦးစွာသိထားသင့်သည်။ ဆီများသည် ကာဗွန်အက်တမ်ချင်းချိတ်ဆက်ထားသည့် ရှည်လျားသော ချိန်းကြိုးတစ်ချောင်းနှယ် ဖွဲ့စည်းထားသည်။ အသားနှင့်နို့ထွက်ပစ္စည်းများတွင်ပါဝင်သော ပြည့်ဝဆီများသည် ကာဗွန်အက်တမ်တစ်လုံးနှင့်တစ်လုံး ဟာကွက်မရှိရန် ချိတ်ဆက်တည်ရှိပြီး လွတ်နေသည့်နေရာများတွင် ဟိုက်ဒရိုဂျင်အက်တမ်များက အပြည့်အဝနေရာယူထားခြင်းကြောင့် ထိုသို့ခေါ်ဆိုကြခြင်းဖြစ်သည်။ ဓာတုဖွဲ့စည်းပုံကြောင့် ပြည့်ဝဆီများမှာ မာကျောကြမ်းတမ်းပြီး ထောပတ်နှင့် ဝက်ဆီများသည် အခန်းတွင်း အပူချိန်၌ပင် အခဲအဖြစ်တည်ရှိနေကြခြင်း ဖြစ်သည်။

အပင်များနှင့် အဆီများသော ငါးများမှရရှိသည့် မပြည့်ဝဆီဆိုသည်များမှာ ၎င်းတို့၏ ဖွဲ့စည်းပုံတွင် ကာဗွန်အက်တမ်နှစ်ခုကြား double bond ဟု ခေါ်သော ချိတ်ဆက်လျော့ရဲနေသော နေရာ အနည်းဆုံး တစ်ခုရှိနေကြသည်။ ထိုအခါ လာရောက်ပေါင်းစပ်မည့် ဟိုက်ဒရိုဂျင်အက်တမ်အရေအတွက် နည်းပါးသွားတော့သည်။ ဆီ၏ ဖွဲ့စည်းပုံတွင် double bond တစ်ခုသာပါရှိပါက မိုနိုမပြည့်ဝဆီ (monounsaturated oil) ဟုခေါ်ပြီး တစ်ခုထက်ပိုများပါက ပေါ်လီမပြည့်ဝဆီ (polyunsaturated oil) ဟု ခေါ်ဆိုကြသည်။ double bond များသည် အဆီများကို အရည်အဖြစ် ရှိနေစေသည်။ ထို့ကြောင့် စားသုံးဆီများသည် အရည်အဖြစ် ရှိနေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့စားသုံးသော စားသုံးဆီအများစုမှာ ပြည့်ဝဆီနှင့် မပြည့်ဝဆီများ ရောယှက်ပြုလုပ်ထားသည့် ဆီများ ဖြစ်ကြသည်။ ပြည့်ဝဆီနှင့်မပြည့်ဝဆီနှစ်မျိုးစလုံးသည် အူလမ်းကြောင်းမှ တချို့သော ဗီတာမင်များစုပ်ယူမှုကို အားပေးခြင်းနှင့် ဆဲလ်များ၏ အဆီအမြှေးပါးဖြစ်ထွန်းခြင်းတို့ကဲ့သို့ ဇီဝလုပ်ငန်းဆောင်တာများအတွက် အရေးကြီးသော တာဝန်များကို ထမ်းဆောင်ပေးကြသည်။

စားအုန်းဆီနှင့် အုန်းဆီကဲ့သို့သော ဆီများသည် ပြည့်ဝဆီပမာဏ မြင့်မားစွာပါရှိကြပြီး သွေးတွင်းကိုလက်စထရောပမာဏကို မြင့်တက်စေပြီး သွေးလွှတ်ကြောများကျဉ်းမြောင်းခြင်းကို ဖြစ်စေကာ နှလုံးရောဂါနှင့် လေဖြတ်ခြင်းများ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေသည်။ ထို့ကြောင့် ဖြစ်နိုင်ပါက ထိုဆီများကို စားသုံးခြင်းမှ ရှောင်ရှားသင့်သည်။ ပေါ်လီမပြည့်ဝဆီများမှာ ကျန်းမာရေးနှင့် ညီညွတ်သည်ဟု အများအားဖြင့် ယူဆထားကြသည်။ စားသုံးဆီအဖြစ်အသုံးပြုကြသည့် ပေါ်လီမပြည့်ဝဆီနှစ်မျိုးရှိသည်။ နှမ်းဆီကဲ့သို့ alpha-linolenic acid သို့မဟုတ် အိုမီဂါသရီးဖက်တီးအက်စစ် (Omega-3 fatty acid) ပါဝင်သောဆီများနှင့် နေကြာဆီ၊ ပြောင်းဖူးဆီကဲ့သို့သော linolenic acid သို့မဟုတ် အိုမီဂါဆစ်ဖက်တီး အက်စစ်(Omega-6 fatty acid) ပါဝင်သည့်ဆီများ ဖြစ်ကြသည်။ ဤဆီအမျိုးအစားနှစ်မျိုးစလုံးသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ပြီး ကျန်းမာရေးအတွက် ကောင်းကျိုးများကို ပေးစွမ်းနိုင်သည်။

အချို့ကလည်း အိုမီဂါဆစ်ဖက်တီးအက်စစ်များသည် နာတာရှည်ရောင်ရမ်းခြင်းကို ဖြစ်စေနိုင်ပြီး နှလုံးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါကဲ့သို့ ရောဂါများကို ဖြစ်စေနိုင်သည်ဟုလည်း ဆိုကြပြန်သည်။ ထို့ပြင် အိုမီဂါဆစ်ဖက်တီးအက်စစ်များသည် စက္ခုအာရုံကြော၊ ဦးနှောက်နှင့် နှလုံးကြွက်သားဆဲလ်အပြင်လွှာများ တည်ဆောက်ပုံနှင့်လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် အရေးပါသော အိုမီဂါသရီးဖက်တီးအက်စစ်များ၏ နေရာကိုလည်း လုယူခြင်းဖြင့် ၎င်းဆဲလ်များ၏ အလုပ်လုပ်မှုကို နှောင့်ယှက်စေနိုင်သေးသည်။

အထက်ပါအကြောင်းများကြောင့် အိုမီဂါသရီးပါဝင်မှုများသည့် ဆီကို စားသုံးခြင်းက ကျန်းမာရေးအတွက် ပိုကောင်းသည်။ စမ်းသပ်မှုတစ်ခုတွင် စမ်းသပ်ခံသူများကို အစာစားချိန်တိုင်း alpha-linolenic acid ၄၅ ရာခိုင်နှုန်းပါဝင်သော နှမ်းဆီတစ်ဇွန်းပါအောင် စားသုံးစေသည်။ ၁၂ ပတ်ကြာသည့်အခါ စမ်းသပ်ခံသူများ၏ သွေးထဲ၌ ကောင်းသောအဆီများပြားလာပြီး သွေးပေါင်ချိန်လည်း ကျဆင်းသွားသည်ကို တွေ့ကြရသည်။ သို့သော် ကျန်းမာရေးအတွက် အသင့်တော်ဆုံး အိုမီဂါသရီးပါဝင်သည့် အဆီများသည် စားသုံးဆီများထဲတွင် မပါဝင်ဘဲ ဆော်လမွန်ငါးနှင့်ဆာဒင်းငါးကဲ့သို့ ငါးများတွင်သာ ပါဝင်လေ့ရှိသည်။ ငါးအဆီများသည် သွေးတိုးကျစေခြင်း၊ ရောင်ရမ်းမှုများကို လျော့ချပေးနိုင်ခြင်းနှင့် နှလုံးကျန်းမာရေးအတွက် ကောင်းခြင်းစသည့် ကောင်းကျိုးများ ပေးနိုင်သည်။

**အကောင်းဆုံးဆီ**

ထိုသို့ဆိုပါက နေကြာဆီကဲ့သို့ ဆီအမျိုးအစားက စားသုံးရန်သင့်မသင့်ဟုမေးစရာရှိလာပြန်သည်။ အိုမီဂါဆစ် ဖက်တီးအက်စစ်များကလည်း နှလုံးသွေးကြောရောဂါများနှင့် သွေးချိုဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်း နည်းပါးခြင်းနှင့် ဆက်စပ်နေကြောင်း ပြသခဲ့သည့် သုတေသနများလည်းရှိခဲ့သည်။ ထိုဆီများတွင်လည်း ဗီတာမင်များနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိပြီး ကိုလက်စထရောပမာဏကို ကျဆင်းစေနိုင်သည့် အာနိသင်များရှိကြောင်း တွေ့ရှိထားသဖြင့် ၎င်းတို့သည်လည်း စားသုံးရန် သင့်တင့်သောဆီများ ဖြစ်ကြသည်။

ဆီအမျိုးအစားထက် အရေးကြီးသည်မှာ ချက်ပြုတ်သည့်ပုံစံဖြစ်သည်။ အခန်းအပူချိန်၌ရှိကြသော စားသုံးဆီများသည် အကြော်ဒယ်အိုးထဲရောက်သည့်အခါ များစွာပြောင်းလဲသွားလေ့ရှိသည်။ ပေါ်လီမပြည့်ဝဆီများသည် တည်ငြိမ်မှုနည်းပါးသဖြင့် အပူချိန်နိမ့်နိမ့်တွင် ပြိုကွဲသွားလေ့ရှိသည်။ ပေါ်လီမပြည့်ဝဆီများသည် အပူပေးလိုက်သည့်အခါ အောက်ဆီဂျင်နှင့်ပေါင်းစပ်ခြင်းဖြစ်ပေါ်ပြီး ခါးသက်သည့်အရသာ ထွက်ပေါ်စေသည်။ ထို့ကြောင့်လည်း နှမ်းဆီကဲ့သို့ အိုမီဂါသရီးများသောဆီကို ချက်ပြုတ်ရာတွင် သိပ်မသုံးကြခြင်းဖြစ်သည်။ ထို့ပြင် ပေါ်လီမပြည့်ဝဆီများကို အပူပေးချိန်တွင် သက်ရှိတစ်သျှူးများအတွက် ထိခိုက်စေနိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကိုလည်း ထွက်ပေါ်လာစေသည်။

**❖ထိုသို့ဆိုပါက နေကြာဆီကဲ့သို့ ဆီအမျိုးအစားက စားသုံးရန်သင့်မသင့်ဟု မေးစရာရှိလာပြန်သည်။ အိုမီဂါဆစ် ဖက်တီးအက်စစ်များကလည်း နှလုံးသွေးကြောရောဂါများနှင့် သွေးချိုဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်းနည်းပါးခြင်းနှင့် ဆက်စပ်နေကြောင်းပြသခဲ့သည့် သုတေသနများလည်းရှိခဲ့သည်။ ထိုဆီများတွင်လည်း ဗီတာမင်များနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိပြီး ကိုလက်စထရောပမာဏကို ကျဆင်းစေနိုင်သည့် အာနိသင်များရှိကြောင်း တွေ့ရှိထားသဖြင့် ၎င်းတို့သည်လည်း စားသုံးရန် သင့်တင့်သောဆီများ ဖြစ်ကြသည်။❖**

ထိုသို့ထွက်ပေါ်လာသည့် အရာများအနက် တစ်ခုသော ဒြပ်ပေါင်းမှာ 4-hydroxynonenal ဟု အမည်ရပြီး သွေးချိုဆီးချိုရောဂါ၊ သွေးကြောကျဉ်းခြင်းနှင့် မေ့လျော့ခြင်းတို့ကိုဖြစ်စေနိုင်သည်ဟု သတ်မှတ်ထားကြသည်။ ဆီများကိုအပူကြာကြာပေးလေလေ၊ သုံးပြီးသားဆီများကို ထပ်တလဲလဲ အသုံးပြုလေလေ ၎င်းဒြပ်ပေါင်း ပိုပြီးထွက်လာလေလေဖြစ်သည်။ ထို့ကြောင့် မည်သို့သော ဆီအမျိုး အစားကို သုံးစွဲသည်ဖြစ်စေ အရေးကြီးသည်မှာ အလွန်ပူပြင်းသော အပူရှိန်ဖြင့် ကြော်လှော်ခြင်း မပြုလုပ်ရန်နှင့် သုံးပြီးသား ပြန်ကြော်ဆီများကို ထပ်ကာထပ်ကာ အသုံးမပြုရန်ဖြစ်သည်။

ထိုဆီအမျိုးအစား နှစ်မျိုးစလုံးတွင် မပါဝင်သည့် ဆီတစ်မျိုးမှာ အထူးသန့်စင်သော သံလွင်ဆီဖြစ်သည်။ အထူး သန့်စင်သော သံလွင်ဆီမှာ ပြည့်ဝဆီလည်း မဟုတ်၊ မပြည့်ဝဆီလည်း မဟုတ်ဘဲ အိုလီရစ်အက်စစ် (oleic acid) သာပါဝင်ပြီး ၎င်းသည် ကျန်းမာရေးနှင့် အညီညွတ်ဆုံးဆီဖြစ်ကြောင်း တွေ့ရှိလာရသည်။ ၂၀၀၀ ပြည့်နှစ်ကျော်နှစ်များ၌ စပိန်နိုင်ငံတွင် အသက် ၅၅နှင့် ၈၀ နှစ်ကြား လူဦးရေ ၇၀၀၀ ခန့်ကို သုတေသနပြုလုပ်ခဲ့ပြီး ပါဝင်သူများကို တစ်ပတ်လျှင် အထူးသန့်စင်သော သံလွင်ဆီ တစ်လီတာ ပံ့ပိုးပေးကာ လူတစ်ဦးလျှင် တစ်နေ့ လေးဇွန်း အနည်းဆုံးစားသုံးစေခဲ့သည်။ စားသုံးသည့်အခါတွင်လည်း အသုတ်ကဲ့သို့ ဆီကို ဒီအတိုင်းဆမ်းပြီး စားသည်ထက် ကြော်လှော်ချက်ပြုတ်သည့်အခါ ထည့်သွင်းအသုံးပြုရန် အားပေးခဲ့သည်။ အခြားသော အုပ်စုနှစ်စုမှ တစ်စုကို မြေထဲပင်လယ်စာ စားသုံးစေပြီး အခြားတစ်စုကို ပုံမှန်ထက်အဆီ လျှော့စားရန်သာ သတ်မှတ်ခဲ့သည်။ ငါးနှစ်ကြာသောအခါ အဆီလျှော့စားသည့် အုပ်စုနှင့် ယှဉ်ပါက အထူးသန့်စင်သောသံလွင်ဆီကို စားသုံးခဲ့သည့်အုပ်စုသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်း ဖြစ်ပွားမှု ၃၀ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

သို့သော်လည်း အထူးသန့်စင်သော သံလွင်ဆီကိုရရှိရန် ဓာတုနည်းများနှင့် အပူပေးခြင်းများ အသုံးမပြုဘဲ ထုတ်လုပ်ရန် လိုအပ်သည်။ သံလွင်သီးများကို ကြိတ်ခြေခြင်း၊ ညှစ်ခြင်းနှင့် ဖိကြိတ်ခြင်းနည်းလမ်းများသုံးပြီးထုတ်မှသာ ကောင်းကျိုးများအပြည့်အဝရရှိနိုင်မည်ဖြစ်သည်။ အပူနှင့် ဓာတုပစ္စည်းများပေါင်းစပ်ပြီး ထုတ်လုပ်ထားသည့် သန့်စင်သံလွင်ဆီနှင့် ပုံမှန်သံလွင်ဆီများသည် အထူးသန့်စင်သောသံလွင်ဆီကဲ့သို့ ကျန်းမာရေးကောင်းကျိုးများမပေးနိုင်သည်ကို တွေ့ရှိရသည်။ အထူးသန့်စင်သော သံလွင်ဆီ၏ဆိုးသည့်တစ်ချက်မှာ အနံ့ဆိုးခြင်းဖြစ်ပြီး ဈေးနှုန်းကြီးမြင့်ခြင်းသည်လည်း စားသုံးသူများအတွက် သုံးစွဲရန် အခက်အခဲတစ်ခု ဖြစ်စေသည်။

**ကိတ်မုန့်ဖုတ်ကြသည့်အခါ**

စားသုံးဆီများနှင့်ပတ်သက်ပြီး ကန့်သတ်ချက်တစ်ခုမှာ ကိတ်မုန့်ဖုတ်ခြင်းကဲ့သို့ လုပ်ငန်းများတွင် အသုံးပြုရန် မလွယ်ကူခြင်းဖြစ်သည်။ အဆီခဲများကသာ ကိတ်မုန့်နှင့် ဘီစကစ်များ ပြုလုပ်ရာတွင် မာကျောပြီး ပုံသွင်းရလွယ်ခြင်းကို ရရှိစေသည်။ အရည်ဖြစ်သော စားသုံးဆီများသည် ထိုသို့ မစွမ်းဆောင်နိုင်ပေ။ ထို့ကြောင့်လည်း မုန့်လုပ်ငန်းများတွင် စားအုန်းဆီကို အသုံးပြုကြခြင်း ဖြစ်သည်။ စားအုန်းဆီသည် ပြည့်ဝဆီဖြစ်ပြီး အရည်ပျော်မှတ်မြင့်သဖြင့် အဆီခဲအဖြစ် အသုံးပြုနိုင်သည်။ ထို့ပြင် ၎င်းက ထောပတ်ဆီထက်ဈေးသက်သာပြီး တာရှည်အထားခံသည်။ မွှေးသည့် ဒဏ်၊ အပူပေးသည့်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိပြီး စားသုံးကုန်များကိုလည်း တာရှည်ခံစေသည်။ သို့သော် စားအုန်းဆီသည် ကျန်းမာရေးကို ဒုက္ခပေးနိုင်သည့်အတွက် သုတေသီများက စားသောက်ကုန်များနှင့် အလှကုန်များ ထုတ်လုပ်ရာတွင် စားအုန်းဆီအစားထိုး အသုံးပြုနိုင်မည့် ဆီအမျိုးအစားများကို တီထွင်ထုတ်လုပ်လျက်ရှိကြသည်။

မည်သို့ပင်ဆိုစေ စားသုံးဆီမပါဝင်သည့် အစားအသောက်ဟူ၍ ရှိနိုင်လိမ့်မည်မဟုတ်။ မည်သည့်ဆီအမျိုးအစားက မိမိ၏ဝင်ငွေ၊ ဒေသအခြေအနေနှင့် အသုံးပြုပုံအတွက် အသင့်တော်ဆုံးဖြစ်မည်ကို ဆုံးဖြတ်ရန်မှာ မိမိကိုယ်တိုင်သာလျှင်ဖြစ်သည်။ ထို့ကြောင့် ပြည့်ဝဆီပါဝင်မှု လွန်စွာများပြားသည့် ဆီများ အသုံးပြုခြင်းကို ရှောင်ရှားပြီး ကြော်လှော်ချက်ပြုတ်ရာတွင်လည်း မီးအားပြင်းစွာ သုံးစွဲခြင်းနှင့် ပြန်ကြော်ဆီများ အသုံးပြုခြင်းကို ဆင်ခြင်သင့်သည်။ အကယ်၍ ကျန်းမာရေးအတွက် ကောင်းမွန်စေသည့် အကောင်းဆုံးဆီကို သုံးလိုပါက အထူးသန့်စင်သော သံလွင်ဆီ သို့မဟုတ် extra virgin olive oil သည် အကောင်းဆုံးဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

– What’s cooking, New Scientist

ဒေါက်တာကျော်စွာထွန်း
(ဆေးဝါးဗေဒ)

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၉၀၅၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၉၀၅၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၉၀၅၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နှမ်းတစ်ဧကလျှင် ၁၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း နှမ်း ၁၉၀၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးခဲ့တဲ့ နှမ်းစိုက်ခင်းတွေကို လက်ရှိမှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နှမ်းစိုက်ကေတွေ စနစ်တကျရိတ်သိမ်းနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် အေးရွာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂံကွဲကျေးရွာအုပ်စု အေးရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အေးရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်း ရေရှည်တည်တံ့စေရန်၊ ပျက်စီးမှုမရှိစေရန် အားလုံး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေး ရေသန့်စင်စက်ကိုလည်း တပ်ဆင်ထားခြင်းဖြစ်သည့်အတွက် အားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၁၄၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိန်း စုစုပေါင်းငွေကျပ် ၁၅၆ သိန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေပဒေသာစပါး တင်းရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေပဒေသာစပါး တင်းရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ရေပဒေသာစပါး တင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရေပဒေသာစပါး တင်းရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရေပဒေသာစပါး တင်းရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ဆီ အများဆုံး တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ရေပဒေသာစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှု များနေလို့ တင်ပို့မှုများပြားခဲ့တာ ဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိ ရောင်းချနိုင်ခဲ့ပါတယ်''ဟု အိမ်မဲမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရေပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၇၅၀၀၀ ထိ ပေါက်ဈေးရှိပြီး အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရေပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း အိမ်မဲမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်ပန်းပင်ကျေးရွာအုပ်စု ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှု ကျဉ်းမြောင်းစေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ငုဝါရွှေက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဇီးပင်ရိုးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးပင်ရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၆၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၇ ဒသမ ၇၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။

**နော်လူး**

# ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ကျောက်ဆည် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်တလည်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းအကြောင်းအရာများ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်တလည်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နီလာ**

# အမေရိကန်နိုင်ငံ မာလီဘူမြို့တွင် လောင်ကျွမ်းနေသောတောမီး ၃၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ပြီဖြစ်



ဝါရှင်တန် ဒီဇင်ဘာ ၁၄

အမေရိကန်နိုင်ငံ မာလီဘူမြို့တွင်လောင်ကျွမ်းနေသောတောမီးကို ၃၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာန(Cal Fire)က ထုတ်ပြန်ခဲ့ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မာလီဘူမြို့တွင် လောင်ကျွမ်းနေသော တောမီးကို ၃၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယခုအခါ နေရပ်သို့ ပြန်လည်ရောက်ရှိနေထိုင်သူ ဦးရေ ၃၇၀၀ ခန့်ရှိကြောင်း၊ တောမီးကြောင့် နေအိမ်ခြောက်လုံး လုံးဝ မီးလောင်ကျွမ်းသွားခဲ့ပြီး အိမ်ခြေ ၅၆၀၀ နှင့် အခြားအဆောက်အအုံ ၂၀၀၀ ခန့် တောမီးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက်ရှိ ကမ်းရိုးတန်းဒေသ၏ တောင်ကုန်းမြေဧရိယာ ၄၀၃၇ ဧကလည်း မီးလောင်ကျွမ်းခဲ့ကြောင်း ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာန(Cal Fire) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

"မာလီဘူ တောမီးလောင်ကျွမ်းမှုက ဆိုးရွားမှုများပါတယ်။ အိမ်ခြောက်လုံး လုံးဝပျက်စီးသွားပါတယ်။ အထိုက်အလျောက်ပျက်စီးခဲ့တဲ့ အိမ်နဲ့ အဆောက်အအုံပေါင်း ၇၆၀၀ လောက်ရှိပါတယ်။ တောမီးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ဒုက္ခရောက်နေကြတဲ့သူတွေ ရှိပါတယ်"ဟု လော့စ်အိန်ဂျလိစ်မြို့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ အယ်ဘတ်ရာနာဂီဆာဝါက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# ကနေဒါအစိုးရက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်ကို ပြင်ဆင်သတ်မှတ်

အော့တဝါ ဒီဇင်ဘာ ၁၄

ကနေဒါနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဆောင်ရွက်သွားမည့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးရည်မှန်းချက်ကို ၂၀၃၅ ခုနှစ်ရောက်မှသာ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကုလသမဂ္ဂအဖွဲ့က ဦးဆောင်ပြီး ဆောင်ရွက်နေသည့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး ရည်မှန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၀၅ ခုနှစ်က ထုတ်လွှတ်ခဲ့သော ပမာဏထက် ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအတွင်း လျှော့ချနိုင်ရန် ဆောင်ရွက်နေကြောင်း၊ ၂၀၃၀ ပြည့်နှစ် အရောက်တွင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ကိုပြင်ဆင်သတ်မှတ်ခဲ့သော်လည်း ၂၀၅၀ ပြည့်နှစ် အရောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေး ရည်မှန်းချက်ကို ပြင်ဆင်သွားမည်မဟုတ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စတီဗင်ဂီဘော့က ပြောကြားခဲ့သည်။

"အနာဂတ်မျိုးဆက်သစ်တွေအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ ဒါပေမဲ့ အခြေအနေတစ်ခုကြောင့် ၂၀၃၀ ပြည့်နှစ်အရောက်မှာ ၂၀၀၅ ခုနှစ်မှာ ထုတ်လွှတ်ခဲ့တဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ ပမာဏရဲ့ ၄၅ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအတွင်း လျှော့ချနိုင်ဖို့ကိုတော့ ၂၀၃၅ ခုနှစ်ရောက်မှပဲ အပြီးသတ် အကောင်အထည်ဖော်ဖို့ ပြင်ဆင် သတ်မှတ်လိုက်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စတီဗင်ဂီဘော့က ပြောကြားခဲ့သည်။



Ref : Russia Today

Trs : Sai Sat

# ဘော့ဆွာနာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်က ဆင်ကောင်ရေ ရာနှင့်ချီသေဆုံးခဲ့မှုက အဆိပ်ရှိရေညှိများပျော်ဝင်နေသောရေကို သောက်မိခဲ့ခြင်းကြောင့်ဟု လေ့လာတွေ့ရှိခဲ့

ဂဘိုရုန်း ဒီဇင်ဘာ ၁၄

ဘော့ဆွာနာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်က ဆင်ကောင်ရေ ရာနှင့်ချီ သေဆုံးခဲ့မှုမှာ အဆိပ်ရှိရေညှိများပျော်ဝင်နေသည့်ရေကို သောက်မိခဲ့ခြင်းကြောင့်ဟု သုတေသီများက လေ့လာတွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘော့ဆွာနာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်က ဆင်ကောင်ရေ ၃၅၀ ကျော်သေဆုံးခဲ့မှုမှာ အဆိပ်သင့် စိမ်းပြာရောင်ရေညှိများ ပျော်ဝင်နေသည့် ညစ်ညမ်းသောရေများ သောက်သုံးမိခြင်းကြောင့် ဖြစ်ကြောင်း၊ ဘော့ဆွာနာနိုင်ငံရှိ အိုကာဗန်ဂိုးမြစ်ဝကျွန်းပေါ်ဒေသတွင် ရေအိုင်ပေါင်း ၂၀ ခန့်၊ ဧရိယာအားဖြင့် စတုရန်းကီလိုမီတာ ၆၀၀၀ ခန့်သည် စိမ်းပြာရောင်ရေညှိများဖြင့် ညစ်ညမ်းနေကြောင်း လန်ဒန်အခြေစိုက် ကင်းကောလိပ်မှ သုတေသီများ၏ အဆိုအရ သိရသည်။

အဆိပ်သင့်စိမ်းပြာရောင်ရေညှိများပျော်ဝင်နေသည့် ညစ်ညမ်းသောရေများ သောက်သုံးမိခြင်းကြောင့် သေဆုံးခဲ့ရသည့် ဆင်ကောင်ရေသည် ဝေဟင်ဓာတ်ပုံစစ်တမ်းများအရ အကောင်ရေ ၃၅၀ ကျော်ရှိကြောင်း၊ သောက်သုံးရေရရှိရေးအတွက် ရေအိုင်များကို မှီခိုနေရသော တိရစ္ဆာန်များတွင် အဆိပ်သင့်ရေများ ဖြစ်နေသော ရေအိုင်များမှရေကို သောက်မိခြင်းကြောင့် အစုလိုက်အပြုံလိုက် သေဆုံးမှုကို ဖြစ်စေကြောင်း၊ အဆိပ်သင့် စိမ်းပြာရောင်ရေညှိများသည် ပူနွေးလာသောအပူချိန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်သော နိုက်ထရိုဂျင်ဓာတ်များ ပေါင်းစပ်ခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဇင်ဘာဘွေနိုင်ငံတွင် အယ်နီညိုရာသီဥတုဖြင့် ထပ်မံရင်ဆိုင်ရနိုင်ပြီး မိုးခေါင်ရေရှားမှုပြဿနာ ပိုမိုဆိုးရွားလာဖွယ်ရှိနေ

ရောမ ဒီဇင်ဘာ ၁၄

ဇင်ဘာဘွေနိုင်ငံသည် အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်လာရသည်မှာ ဆယ်စုနှစ်နှစ်စုခန့် ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုနှစ် နှစ်ဝက်ပိုင်းတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်လာမှု လျော့နည်းခဲ့သော်လည်း အယ်နီညိုရာသီဥတုဖြင့် ထပ်မံရင်ဆိုင်ရနိုင်ပြီး မိုးခေါင်ရေရှားမှုပြဿနာ ပိုမိုဆိုးရွားလာဖွယ်ရှိနေကြောင်း အီတလီနိုင်ငံ ရောမမြို့အခြေစိုက် UN World Food Programme က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုကြောင့် ဇင်ဘာဘွေနိုင်ငံ အပါအဝင် အာဖရိကတိုက် တောင်ဘက်ပိုင်းရှိ နိုင်ငံများတွင် မိုးခေါင်ရေရှားမှုကြောင့် လူဦးရေ သန်းနှင့်ချီ၍ အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရကြောင်း၊ အင်အားကြီးနိုင်ငံများက အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့်ဒုက္ခသည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ထိုသို့ ပံ့ပိုးမှုပြုလုပ်ပေးနေသည့် နိုင်ငံများတွင် ဇင်ဘာဘွေနိုင်ငံလည်း ပါဝင်နေပြီး ဇင်ဘာဘွေနိုင်ငံတွင် အယ်နီညိုရာသီဥတု ထပ်မံဖြစ်ပေါ်လာဖွယ်ရှိနေသည့်အတွက် အငတ်ဘေးဒုက္ခသည် ဦးရေပိုမိုမြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

"ဇင်ဘာဘွေနိုင်ငံရဲ့ မိုးခေါင်တဲ့ပြဿနာအခြေအနေဟာ စိုးရိမ်စရာအခြေအနေနဲ့ ထပ်မံရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ မိုးကာလအတွင်း မိုးရွာသွန်းမှုနည်းပါးခဲ့သလို အယ်နီညိုရာသီဥတုနဲ့ ထပ်မံရင်ဆိုင်ရဖွယ် ရှိနေတယ်။ စားနပ်ရိက္ခာ မလုံလောက်မှုတွေက အခြေအနေပိုဆိုးလာဖွယ်ရှိနေပါတယ်"ဟု UN World Food Programme မှ ဒါရိုက်တာ ဘာဘာရာက ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံတွင် အောက်တိုဘာလမှ မတ်လထိကို မိုးရာသီအဖြစ် သတ်မှတ်ထားပြီး ပြီးခဲ့သောအောက်တိုဘာလနောက်ဆုံးပတ်တွင် မိုးအနည်းငယ်ရွာသွန်းခဲ့သော်လည်း ၎င်းနောက်ပိုင်း မိုးရွာသွန်းမှုမျိုးမရှိခဲ့ဘဲ ပူပြင်းခြောက်သွေ့နေကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# နယူးဇီလန်နိုင်ငံ ကန်တာဘူရီနယ်မြေတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာနိုင်သဖြင့် သတိပေးချက်ထုတ်ပြန်

ဝယ်လင်တန် ဒီဇင်ဘာ ၁၄

နယူးဇီလန်နိုင်ငံ ကန်တာဘူရီနယ်မြေတွင် အပူချိန်မြင့်တက်လျက်ရှိပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်လာနိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ထားကြောင်း နယူးဇီလန် မီးသတ်နှင့်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်း(FENZ) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကန်တာဘူရီနယ်မြေတွင် ဒီဇင်ဘာ ၈ ရက်က အပူချိန်မြင့်တက်မှုသတိပေးချက် ထုတ်ပြန်ခဲ့သကဲ့သို့ အပူချိန်မြင့်တက်မှုမှာ ကျဆင်းလာခြင်းမရှိသည့်အတွက် တောမီးအန္တရာယ်သတိပေးချက် ထပ်မံထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက အချိန်မီငြိမ်းသတ်နိုင်ရေးအတွက်လည်း မီးသတ်တပ်ဖွဲ့ဝင်များကို အသင့်ပြင်ဆင်ကာ စုစည်းထားကြောင်း နယူးဇီလန် မီးသတ်နှင့် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်း(FENZ) က ထုတ်ပြန်ခဲ့သည်။

"အပူချိန် မြင့်တက်မှုကြောင့် ကန်တာဘူရီနယ်မြေမှာ လာမဲ့ရက်ပိုင်းအတွင်း တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာရင်လဲ အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေကို စုစည်းထားပြီး လိုအပ်တာတွေ ကြိုတင်ပြင်ဆင်နေပါတယ်" ဟု နယူးဇီလန် မီးသတ်နှင့် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်း(FENZ)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## စည်းလုံးသော ငှက်ကလေးများ

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ စည်းလုံးသောငှက်ကလေးများ ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီး တစ်ခုထဲမှာ ငှက်ကလေးတွေ အများကြီးစုပြီး နေထိုင်ကြသတဲ့။ အဲဒီငှက်ကလေးတွေဟာ ဘယ်ကိုပဲသွားသွား စည်းစည်းလုံးလုံးနဲ့ သိုက်သိုက်ဝန်းဝန်းရှိကြသတဲ့ကွယ်။ ငှက်ကလေးတွေဟာ ကောက်ပဲသီးနှံတွေကိုပဲ နေ့စဉ်စားသောက်ကြရသတဲ့။ တစ်နှစ်မှာတော့ မိုးခေါင်ပြီး ကောက်ပဲသီးနှံတွေ ရှားပါးတဲ့ အဖြစ်နဲ့ ကြုံကြရတော့သတဲ့ကွယ်။ ငှက်ကလေးတွေ နေ့စဉ်စားသုံးနေကြတဲ့ ကောက်ပဲသီးနှံတွေဟာ သူတို့နေထိုင်ကြတဲ့ တောအုပ်ကြီးထဲမှာမရှိကြတော့ဘူးတဲ့ကွယ်။ အဲဒါကြောင့် ကောက်ပဲသီးနှံတွေရှိတဲ့နေရာတွေဆီ လိုက်လံရှာဖွေစားသောက်ကြရင်း တဖြည်းဖြည်းနဲ့ လူတွေစိုက်ပျိုးထားကြတဲ့ ကောက်ပဲသီးနှံလေးတွေကို လူတွေမသိအောင် သွားရောက်ပြီး တိတ်တဆိတ် စားသောက်နေကြရတော့သတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာ ငှက်ကလေးတွေကို လူတွေက တွေ့မြင်သွားကြတော့သတဲ့။ နေ့စဉ် တောင်ယာခင်းတွေထဲက ကောက်ပဲသီးနှံတွေကို စားသောက်နေကြတဲ့ငှက်ကလေးတွေကို လူတွေက အမျိုးမျိုးခြောက်လှန့်ကာ မောင်းထုတ်ကြတော့သတဲ့။ ငှက်ကလေးတွေကလဲ အစားအသောက်စားချိန်တန်တဲ့အခါ လူတွေမသိအောင်သွားပြီး စားသောက်နေကြဆဲပေါ့ကွယ်။ အဲဒါကို သတိထားမိသွားတဲ့ ယာခင်းပိုင်ရှင်ကြီးတစ်ယောက်က သူ့ယာခင်းထဲရောက်လာတဲ့ ငှက်ကလေးတွေကို ဖမ်းယူဖို့ ကြံစည်တော့သတဲ့။ ငှက်ကလေးတွေကို ဖမ်းယူနိုင်ဖို့အတွက် ပိုက်ကွန်အကြီးကြီးတစ်ခုနဲ့ ထောင်ပြီး ဖမ်းထားသတဲ့ကွယ်။



အဲဒီလိုနဲ့ ငှက်ကလေးတွေကလဲ အစားအသောက် စားချိန်တန်တဲ့အခါ ယာခင်းထဲရောက်လာပြီး ထုံးစံအတိုင်း ကောက်ပဲသီးနှံတွေကို စားသောက်ကြသတဲ့ကွယ်။ ဒီအခါမှာတော့ ယာခင်းပိုင်ရှင်ကြီး ထောင်ဖမ်းထားတဲ့ပိုက်ကွန်ကြီးထဲမှာ ငှက်ကလေးတွေအားလုံး ဖမ်းမိသွားကြတော့သတဲ့။ ပိုက်ကွန်ကြီးထဲကိုရောက်သွားကြတဲ့ ငှက်ကလေးတွေဟာ ကြောက်အားလန့်အားနဲ့ ထပြီးပျံကြတော့သတဲ့။ ဒါပေမဲ့လဲ ပျံတဲ့ငှက်က ပျံနေချိန်၊ မပျံဘဲကြောက်လန့်ပြီး ငြိမ်နေတဲ့ငှက်တွေက ငြိမ်နေကြကာ ပိုက်ကွန်ကြီးထဲက ရုန်းမထွက်နိုင်ဘဲ ဒုက္ခရောက်နေကြသတဲ့ကွယ်။ အဲဒီအချိန်မှာ ငှက်အကြီးအကဲက စဉ်းစားသတဲ့။ အကောင်းဆုံးဖြစ်မဲ့နည်းလမ်းကို စဉ်းစားပြီး ငှက်ကလေးတွေအားလုံးကို အခုလိုပြောလိုက်သတဲ့ကွယ်။

"ကဲ... အားလုံးပဲ စိတ်အေးအေးထားကြ။ မကြောက်ကြနဲ့။ တို့တွေအတွက် အကောင်းဆုံးဖြစ်မဲ့နည်းလမ်းရှိတယ်။ ဒီအခက်အခဲကို တို့တွေအားလုံး စည်းစည်းလုံးလုံးနဲ့ဖြတ်ကျော်မှ အောင်မြင်မယ်။ တို့တွေအားလုံး ညီတူညာတူပျံသန်းကြမယ်။ အဲဒီအခါ အဲဒီပိုက်ကွန်ကြီးဟာ တို့နဲ့အတူ လေပေါ်ကို မြောက်ပြီးပါလာနိုင်တယ်။ တို့တွေက ဒီပိုက်ကွန်ကြီးကို ဝါးရုံပင်ပေါ်တင်စေခဲ့ရင် တို့တွေအားလုံး အသက်ဘေးကလွတ်မြောက်နိုင်တယ်"လို့ ပြောလိုက်သတဲ့။ ငှက်ကလေးတွေအားလုံးကလဲ ငှက်အကြီးအကဲပြောတဲ့အတိုင်းပဲ စည်းစည်းလုံးလုံးနဲ့ ညီတူညာတူပျံသန်းလိုက်ကြတဲ့အခါ အသက်ဘေးကနေအားလုံးလွတ်မြောက်သွားကြတော့သတဲ့ကွယ်။

ကဲ... သားသား၊ မီးမီးတို့တွေလဲ ဘဝအခက်အခဲတွေကြုံလာတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ဆွေးနွေးကြပြီး စည်းစည်းလုံးလုံးနဲ့ ကြိုးစားကြမယ်ဆိုရင် ဘဝအခက်အခဲတွေကနေ လွတ်မြောက်နိုင်ကာ အောင်မြင်မှုတွေရရှိမယ်ဆိုတာ ယုံကြည်ကြရမယ်ဆိုတဲ့အကြောင်းကို ဦးဦးက စည်းလုံးသော ငှက်ကလေးများပုံပြင်ကလေးကို ဥပမာထား ပြောကြားလိုက်ရပါတယ်ကွယ်။

**ကိုရွှေတောသား(ဆင်ကူး)**

## ချစ်သောဒီဇင်ဘာ

- ဒီဇင်ဘာ အားကစားလ
  နှင်းမှုန် ဖွဲဖွဲကျ။
- ကိုကိုမမ မြူးလို့ကွယ်
  လမ်းလျှောက်ထွက်ကြတယ်။
- ညီငယ် ညီမ ပါဝင်နွှဲ
  ဒီဇင်ဘာလ အားကစားပွဲ။
- ချွေးသံရွှဲရွှဲ ယှဉ်ပြိုင်နေ
  ကိုယ်လက် ကြံ့ခိုင်ပေ။
- ကျန်းမာစေဖို့ လှုပ်ရှားစို့
  ရှုံးနိုင် ပျော်ပျော်ဗျို့။ ။

**ကန်မြဲ ချစ်မင်းဝေ**



## ရွှေအိုးပမာ မြတ်ပညာ

- ရွှေအိုးပမာ မြတ်ပညာ
  သုံးလို့မကုန်ပါ၊
  ကြိုးစားလို့သာ သင်ယူစို့
  ပန်းတိုင်လှမ်းနိုင်ဖို့။
- မောင်တို့မယ်တို့ ပညာသင်
  ငယ်ရွယ်နုပျိုစဉ်၊
  ဖွဲ့သတ္တိယှဉ် ဘဝလမ်း
  ခူးဆွတ်မြတ်အောင်ပန်း။ ။

**ရဲသွေးနီ(တက်ဝန်)**



# ဩစတြေးလျတွင် တပ်ဖြန့်သွားမည့် ဂျပန်၏ကုန်းရေနှစ်သွယ်သွားတပ်မဟာ

ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် သုံးနိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းလာစေရန်အတွက် မကြာသေးမီက ဩစတြေးလျနိုင်ငံ ဒါဝင်မြို့၌တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JSDF)၏ မရိန်းတပ်ဖွဲ့များနှင့် အလားသဏ္ဍာန်တူညီသည့် ကုန်းရေ နှစ်သွယ်သွား ရုတ်ခြည်းတပ်ဖြန့်ချထားမှု တပ်မဟာ(ARDB)သည် ဩစတြေးလျနိုင်ငံတွင် အင်အားအများအပြားဖြင့် ပုံမှန်တပ်ဖြန့်ချသွားမည်ဖြစ်သည်။ ၎င်းတပ်ဖွဲ့များသည် အမေရိကန်၊ ဩစတြေးလျတပ်ဖွဲ့များနှင့် အတူ ပိုမိုသိမ်မွေ့နက်နဲသောစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့ကုန်းရေနှစ်သွယ်သွားတပ်ဖွဲ့များကို လွန်ခဲ့သောဆယ်စုနှစ်က တားမြစ်ထားသည်နှင့် ကွဲပြားခြားနားလာပြီဖြစ်သည်။ ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသတွင် ဂျပန်တပ်ဖွဲ့များဖြန့်ကြက်မှုသည်လည်း ကွဲပြားခြားနားလာလျက်ရှိသည်။ အမှန်တော့ ကုန်းရေနှစ်သွယ်သွားတပ်ဖွဲ့များသည် ဂျပန်နိုင်ငံ၏ ၁၉၃၀ ပြည့်လွန်နှစ်၊ ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း ကျူးကျော်မှုများနှင့် ဂျပန်ပြည်သူများ ဘေးဒုက္ခရောက်စေခဲ့သည့် ပုံရိပ်များကို ပြန်လည်မြင်ယောင်စေခဲ့သည်။

ဂျပန်နိုင်ငံ၏ ကုန်းရေနှစ်သွယ်သွားတပ်ဖွဲ့သည် Tomodachi စစ်ဆင်ရေးပြီးနောက် ၂၀၁၁ ခုနှစ်နှောင်းပိုင်းတွင် စတင်တိုးတက်လာခဲ့သည်။ ဂျပန်နှင့် အမေရိကန်ပုဂ္ဂိုလ်တချို့သည် USINDOPACOM သို့မဟုတ် ပင်တဂွန်စစ်ဌာနချုပ်၏ ခွင့်ပြုချက်မတောင်းခံဘဲ တိတ်တဆိတ် ကြိုးပမ်းဆောင်ရွက်လာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ကုန်းရေနှစ်သွယ်သွား ရုတ်ခြည်းတပ်ဖြန့်ချထားမှုတပ်မဟာ (ARDB)ကို တရားဝင်လှုပ်ရှားလုပ်ဆောင်လာခဲ့သည်။ ARDB သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JSDF) အတွင်း ပုံမှန်တပ်ဖြန့်ချထားသည့် တပ်ဖွဲ့ဖြစ်လာခဲ့သည်။ အစောပိုင်းကာလတွင် ကုန်းရေနှစ်သွယ်သွားတပ်ဖွဲ့သည် ပြည်သူများ သို့မဟုတ် နိုင်ငံရေးသမားများ၏ ကန့်ကွက်မှုနှင့်ရင်ဆိုင်ခဲ့ရသည်။ လက်ရှိအချိန်တွင် ထိုသို့ရင်ဆိုင်ရခြင်းမရှိတော့ဘဲ ဂျပန်နိုင်ငံတွင် အမြင်သဘောထားပြောင်းလဲလာပြီဖြစ်သည်။

ARDB သည် တိုးတက်မှုကိုပြသလျက်ရှိသော်လည်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာတည်ဆောက်မှုတွင် ဘဏ္ဍာငွေလိုအပ်ချက်များနှင့်ရင်ဆိုင်ရလျက်ရှိသည်။ ဩစတြေးလျနိုင်ငံတွင် ပြုလုပ်သွားရန်စီစဉ်ထားရှိသည့် လေ့ကျင့်မှုများကို ကာလများစွာကြိုတင်၍စနစ်တကျစီမံထားရှိသည်။ ပြည်ပနိုင်ငံများတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ ကြိုတင်တပ်ဖြန့်ချထားသကဲ့သို့ပင် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကဲ့သို့ပင် စစ်ပွဲဆင်နွှဲနိုင်မည်မဟုတ်ချေ။ စင်စစ်အားဖြင့် ARDB သည် လက်တွေ့ကမ္ဘာ့အရေးပေါ်အခြေအနေများ သို့မဟုတ် စစ်ပွဲတစ်ခုကိုတုံ့ပြန်နိုင်ရေး ရုတ်ခြည်းတပ်ဖြန့်ချထားနိုင်စွမ်းမရှိသေးပေ။ ARDB အတွက် အဓိကပြဿနာသည် ပို့ဆောင်မှု၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် လေ့ကျင့်သင်တန်းပေးမှုတို့ပင်ဖြစ်သည်။

**ပို့ဆောင်မှု**

ARDB သည်စနစ်ကျဖွဲ့စည်းထားရှိမှု၊ တာဝန်ချထားသော စစ်ရေယာဉ်များနှင့် လေကြောင်းပို့ဆောင်ရေးတို့လိုအပ်လျက်ရှိသည်။ ပုံမှန်အားဖြင့် ပို့ဆောင်မှုသည် ဝန်နှင့်အားမမျှဘဲဖြစ်နေပြီး အုပ်ချုပ်ထောက်ပံ့မှုသည် ကိုယ်ပိုင်မရိန်းတပ်ဖွဲ့(MSDF)နှင့် ကိုယ်ပိုင်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့(ASDF)များ၏ ထက်ဝက်ခန့်သာရှိနေသည်။ ASDF တွင် ပို့ဆောင်ရေးလေယာဉ် အစင်း ၃၀ ခန့်သာရှိသည်။ ထို့ပြင် ကိုယ်ပိုင်မရိန်းတပ်ဖွဲ့သည်လည်း ကုန်းရေနှစ်သွယ်စစ်ဆင်ရေးအတွက် များစွာအသုံးတည့်သော တင့်ကားများရွှေ့ပြောင်းနိုင်သည့် တင့်ကားတင်ကမ်းထိုးစစ်ရေယာဉ်(LST)သုံးစီးသာ ပိုင်ဆိုင်ထားရှိသည်။ လက်ရှိ ကမ်းထိုးစစ်ရေယာဉ်များသည် ARDB အတွက် လေ့ကျင့်မှုနှင့် စစ်မက်ဖြစ်ပွားချိန်တွင် ပေါင်းစပ်တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။ ၎င်းအရေအတွက်သည် အရေးပေါ်လေကြောင်းချီနှင့် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးများ၏လိုအပ်ချက်များ၊ ဂျပန်နိုင်ငံ၏ဝေးကွာသော ကျွန်းစုများကိုကျူးကျော်လာပါက အရေးပေါ်တပ်ဖြန့်ချထားနိုင်ရန် လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။



**အုပ်ချုပ်ထောက်ပံ့မှု**

ARDB သည် ရုတ်ခြည်းတပ်ဖြန့်ချထားနိုင်ရေးအတွက် အသင့်အသုံးပြုနိုင်မည့် လက်နက်များနှင့် စစ်အသုံးအဆောင်ပစ္စည်းများအပါအဝင် အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ လိုအပ်ချက်ရှိနေသည်။ ARDB တပ်ဖြန့်ချထားမှု အဆင်ပြေချောမွေ့စေနိုင်သည့် တောင်ပိုင်းကျွန်းစုများအပါအဝင် ဂျပန်နိုင်ငံတစ်ဝန်းတွင် လက်နက်ခဲယမ်းနှင့်စစ်အသုံးအဆောင်ပစ္စည်းများ ကြိုတင်စုပုံထားနိုင်မှုမရှိသေးပေ။ ဆိုရလျှင် ARDB သည် တပ်ဖြန့်ချထားမှုအတွက် စွမ်းဆောင်ရည် လိုအပ်နေဆဲပင်ဖြစ်သည်။

ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် ဂျပန်မရိန်းတပ်ဖွဲ့နှင့် အလားသဏ္ဍာန်တူညီသော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ကုန်းရေနှစ်သွယ်သွား ရုတ်ခြည်းတပ်ဖြန့်ချထားမှုတပ်မဟာ(ARDB)ကို ဩစတြေးလျနိုင်ငံတွင် အင်အားအများအပြားဖြင့် တပ်ဖြန့်ချသွားရန် သဘောတူညီထားရှိသည်။ ထို့ပြင် ဒေသတွင်း၌ အမေရိကန်၊ ဩစတြေးလျ တပ်ဖွဲ့များနှင့်အတူ ပိုမိုသိမ်မွေ့သောလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

**လေ့ကျင့်မှုနှင့်အသင့်ပြင်ဆင်ထားရှိမှု**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လက်ရှိလေ့ကျင့်သင်တန်းပေးမှုစနစ်သည် ကြိုတင်မျှော်မှန်းထားသည့် စစ်ပွဲများအတွက် စဉ်ဆက်မပြတ်တိုးတက်ရန်နှင့် အသင့်ဖြစ်ရန် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ JSDF သည် ရုတ်ခြည်းတိုက်ခိုက်နိုင်ရေးအတွက် တပ်ဖွဲ့တစ်ခုကြိုတင်ပြင်ဆင်ရန် အလေးထားကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် ARDB ၏ လေ့ကျင့်သင်တန်းပေးမှု စက်ဝန်းသည် ချက်ချင်းတာဝန်ထမ်းဆောင်နိုင်မည့် တပ်ရင်းကြီးတစ်ခုရရှိရေး ဦးတည်ဆောင်ရွက်နိုင်မည်မဟုတ်ချေ။

ARDB ကို အမေရိကန်မရိန်းတပ်ဖွဲ့ ပြည်ပစစ်ဆင်ရေးတပ်ဖွဲ့(MEU) လေ့ကျင့်မှုနှင့်အလှည့်ကျတာဝန်ထမ်းဆောင်မှုပုံစံအတိုင်း အဆိုပြုအကြံပေးမှုများရှိနေသည်။ ဆိုရလျှင် တပ်ရင်းကြီးတစ်ရင်းသည် တိုက်ခိုက်ရန်အသင့်ဖြစ်နေသည့်အချိန်တွင် ဒုတိယတပ်ရင်းကြီးတစ်ရင်းသည် သွားရောက်တာဝန်ထမ်းဆောင်ရေးအတွက် အသင့်ဖြစ်နေရန် လိုအပ်သည်။ တတိယတပ်ရင်းကြီးသည် တာဝန်ထမ်းဆောင်ရန်အတွက် အရန်ဖွဲ့စည်းထားသင့်သည်။

ဂျပန်ကာကွယ်ရေး၏ အဓိကကျောရိုးသည် အမေရိကန်တပ်ဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ARDB သည် မရိန်းတပ်ဖွဲ့များ တပ်ဖြန့်ချထားမှုအရှိန်နှုန်းအတိုင်း အမီလိုက်သင့်သည်။ JSDF ၏အခြားတပ်ဖွဲ့များအနေဖြင့်လည်း အလားတူရည်မှန်းချက်များ ထားရှိသင့်သည်။

ဂျပန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ၊ အထူးသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အကြိမ်ကြိမ်ပြုလုပ်ခြင်းသည် ARDB စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းနှင့် အမေရိကန်တပ်ဖွဲ့များနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုတို့ပိုမိုမြှင့်တင်နိုင်စေမည်ဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများအပြင် အမေရိကန်တပ်ဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင်နိုင်ရန်ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် ARDB ကို တာဝန်ထမ်းဆောင်မှုစီမံကိန်းများတွင်ထည့်သွင်းရေးဆွဲမှု၊ ပူးတွဲကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းတို့ ပါဝင်သင့်သည်။ သို့မှသာလျှင် တိုက်ပွဲနယ်မြေများတွင် သီးခြားတာဝန်ထမ်းဆောင်သည်ထက် တိုက်ခိုက်ရေးတာဝန်များကို အတူတကွထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ARDB နှင့် အမေရိကန် မရိန်းတပ်ဖွဲ့များသည် အတူတကွတာဝန်ထမ်းဆောင်နိုင်မည်ဆိုလျှင် JSDF–US တပ်ဖွဲ့များအားလုံး၏ကြားတွင်ဆက်ဆံရေးကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။

**အကြံပြုချက်**

ARDB တပ်ရင်းကြီးနှင့် ဂျပန်နိုင်ငံ အိုကီနာဝါမြို့ရှိ အမှတ်(၃၁)အမေရိကန်မရိန်းတပ်ဖွဲ့ ပြည်ပစစ်ဆင်ရေးတပ်ဖွဲ့ (MEU) တွင် တွဲဖက်ထားသည့် ဂျပန်ကုန်းရေနှစ်သွယ်သွားရေယာဉ်များ၊ ဂျပန်နိုင်ငံဆာစဲဘိုးရှိ အမေရိကန်ရေတပ် ကုန်းရေနှစ်သွယ်သွား အသင့်အဖွဲ့(ARG)တို့ ပေါင်းစပ်ဆောင်ရွက်ခြင်းသည် MEU ၏ ကုန်းရေနှစ်သွယ်သွား စစ်ရေယာဉ်များကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

အမှန်တော့ ဩစတြေးလျ၊ ဂျပန်၊ အမေရိကန် သုံးနိုင်ငံ ကုန်းရေနှစ်သွယ်သွားတပ်ဖွဲ့ ဖွဲ့စည်းခြင်းသည် တစ်နိုင်ငံချင်းစီကို စစ်ရေယာဉ်နှင့် တပ်ဖွဲ့များ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံ မြောက်ပိုင်းရှိ ဒါဝင်ကမ်းလွန်တွင်လည်း တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

အိုကီနာဝါမြို့၌ ဌာနချုပ်ရုံးဖွင့်လှစ်ကာ ဂျပန်နိုင်ငံ၏တောင်ပိုင်းကျွန်းစုများတွင် ပူးတွဲကာကွယ်ရေးထူထောင်ခြင်းသည် ဂျပန်နှင့်အမေရိကန်တပ်ဖွဲ့များအနေဖြင့် ကမ္ဘာ့ပြဿနာများကို အတူတကွဖြေရှင်းနိုင်မည်ဖြစ်ပြီး စီမံကိန်းရေးဆွဲခြင်း၊ လေ့ကျင့်ခြင်း၊ ကင်းလှည့်ခြင်းနှင့်နှင့် အရေးပေါ်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျတို့သည် ပိုမိုနီးကပ်လာလျက်ရှိပြီး ဒေသတွင်းကာကွယ်ရေးနှင့် ဟန့်တားမှုအတွက်ကိုပင်လျှင် အတူတကွလုပ်ဆောင်သွားရန် ကတိကဝတ်ပြုထားသည်။ သုံးနိုင်ငံကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးများ ပုံမှန်လုပ်ဆောင်ခြင်းနှင့် မျိုးဆက်သစ်စစ်ဘက်သုံးဒရုန်းများ၊ တာဝေးပစ်ဒုံးကျည်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် စိတ်တူကိုယ်တူနိုင်ငံများ၊ အထူးသဖြင့် ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းမျှော်မှန်းချက်ဖြစ်သည့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်(FOIP)ကို ထောက်ခံသည့်နိုင်ငံများနှင့် နက်ရှိုင်းသော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်လျက်ရှိသည်။ ဩစတြေးလျနိုင်ငံအနေဖြင့်လည်း အလားတူ မဟာဗျူဟာရည်မှန်းချက်ကို ဖော်ဆောင်လျက်ရှိသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် အင်ဒို-ပစိဖိတ်ဒေသတွင် အေးချမ်း၊ တည်ငြိမ်မှုမြှင့်တင်ခြင်းတို့အတွက် လုံခြုံရေးမိတ်ဖက်ဖွဲ့စည်းမှုဆိုင်ရာ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဒေသတွင်းလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများသည် ဒေသတွင်းနိုင်ငံများကို စည်းလုံးညီညွတ်မှုမြှင့်တင်နိုင်ကြောင်းကို ဂျပန်နှင့် ဩစတြေးလျတို့၏သာဓကများက သက်သေပြသလျက်ရှိသည်။

အမှန်တော့ ဩစတြေးလျ၊ ဂျပန်တို့သည် ရန်သူ၏ အလျင်အမြန်ရွှေ့ပြောင်းတာဝန်ထမ်းဆောင်နိုင်မှုကိုဟန့်တားနိုင်ရန် တာဝေးပစ်ဒုံးကျည်၊ ရေငုပ်သင်္ဘောများနှင့် ဒရုန်းများကဲ့သို့သော စစ်ဆင်ရေးစွမ်းဆောင်ရည်များစတင်ဝယ်ယူလျက်ရှိသည်။ အနာဂတ်တွင် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျတို့သည် ဒုံးကျည်နယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်သွားဖွယ်ရာရှိသည်။

ထို့ကြောင့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနိုင်ငံတို့သည် စုပေါင်းဟန့်တားမှုစွမ်းဆောင်ရည်အတွက် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ သာဓကအနေဖြင့် ပြည်ပအခြေစိုက်စခန်းများတွင် တိုးချဲ့ဆိုက်ကပ်ခွင့်နှင့် လေယာဉ်ဖြတ်ကျော်ပျံသန်းခွင့်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ အမှန်တော့ ပိုမိုထိရောက်သော ဟန့်တားမှုစွမ်းရည်သည် ဒေသတွင်းနိုင်ငံများကြား ပိုမိုပေါင်းစည်း၊ ညှိနှိုင်းမှုနှင့် စဉ်ဆက်မပြတ် ချဉ်းကပ်မှုများ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**


- **Japan's Marines : Amphibious (but not so) Rapid Development Brigade By Asia Times.**
- **The Australia– Japan–US Trilateral: Forming Collective Deterrence in the Indo–Pacific by The Diplomat.**


မောင်သောင်းဝင်း(တမန်ဟောင်း)

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard အောင် Exhibition Vanue Award ရရှိခဲ့သော



"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"



ရတနာပုံ ခန်းမ






**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း- ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။


## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃-က)၊ ဦးပိုင်အမှတ်(၂၅၀)ရှိ မြေကွက်ပေါ်တွင် ဦးကျော်စိုးဝင်း၊ ဒေါ်အင်ကြင်း(၉/မခန(နိုင်)၁၄၂၄၂၀)ကိုင်ဆောင်သူမှ အလျား ၈၅'-၀''၊ အမြင့် ၅'-၆'' အုတ်ဝန်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၃၉/က)ရှိ မြေကွက်ပေါ်တွင် ဦးဝင်း(၉/မခန(နိုင်)၀၂၇၂၇၅)ကိုင်ဆောင်သူမှ အလျား ၂၉'-၀''၊ အနံ ၄၀'-၀'' RC (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အကွက်(၂၁၃)၊ သီရိမာလာအနောက်ရပ်ကွက်နေ မောင်သန်းနိုင်ဝင်း (ဘ) ဦးသန်းထွန်း (၉/အမဇ(နိုင်)၀၀၄၀၂၆)၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၀၅၅၀၅၇၁

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃-က)၊ ဦးပိုင်အမှတ်(၃၅)ရှိ မြေကွက်ပေါ်တွင် ဒေါ်အေးနန်းမော်(၉/မခန(နိုင်)၁၇၈၄၄၈)ကိုင်ဆောင်သူမှ အလျား ၂၆'-၀''၊ အနံ ၂၈'-၀'' RC(၁)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်၊ တရုတ်တန်းရပ်နေ ဦးဘိုးသား+ဒေါ်နီလာဝင်းတို့၏ သား မောင်ဇင်မင်းလှိုင် (၉/အမရ(နိုင်)၁၈၄၃၇၉) သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးဘိုးသား(၉/အမရ(နိုင်)၀၉၅၀၁၈)**

**ဒေါ်နီလာဝင်း(၉/အမရ(နိုင်)၁၂၀၀၅၈)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၃၁) သံလျက်မော်အရှေ့ရပ်ကွက်နေ မနှင်းနှင်းအေး (ဘ) KO CHAR ESOOF SYED (၉/မဟမ(ပြု)၀၀၀၁၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-436312) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၉၇၄၅၆၈၃၉၀


မော်ကွန်း အသည်းနှင့် ကင်ဆာအမျိုးမျိုး အထူးကုဆေးခန်း
ဗ-၅/၆၀၊ ၄၂×၄၃ လမ်းကြား၊ ၆၁ (A) လမ်း၊ မဟာမြိုင်(၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

လူကြီးမင်းတို့ စံစားနေရသော အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်း၊ အသည်းကင်ဆာရောဂါများနှင့် အခြားကင်ဆာအမျိုးမျိုးတို့ကို သင့်တင့်သော ဈေးနှုန်းများဖြင့် စနစ်တကျ ကုသမှု ပေးနေပါသည်။

ဆေးခန်းဖွင့်ချိန်။ ။နံနက် (၉း၀၀) နာရီမှ နေ့လည် (၁၂း၀၀) နာရီထိ။
မှတ်ချက် ။ ။၀၉-၄၀၂၅၁၁၄၄၂
၀၉-၆၈၅၀၇၈၂၁၅ သို့ကြိုတင်ဆက်သွယ် ရက်ချိန်းရယူပါ။

☆ သံဃာတော်များ၊ သီလရှင်များ၊ အငြိမ်းစားဝန်ထမ်းများကို အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးပါသည်။ ☆
ဓာတ်ခွဲစစ်ဆေးချက် မှတ်တမ်းများ အပြည့်အစုံ ယူလာရပါမည်။


## မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကုန်တင်ယာဉ်/ခေါက်တိုယာဉ်များနှင့် ကုန်ဂိတ်များ မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်ခြင်း

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပြေးဆွဲဖွစ်လှစ်လျက်ရှိသော မန္တလေးမြို့အခြေစိုက် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ် လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေအရ တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် နှစ်စဉ်မှတ်ပုံတင်ကြရမည်ဖြစ်ပါသည်။

**၂၀၂၅ ခုနှစ်**တွင် မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ အမရပူရမြို့နယ်၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)သို့ (၁-၁-၂၀၂၅)ရက်နေ့မှစ၍ လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ရုံးသို့လာရောက်ရန်အခက်အခဲရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ကော်မတီ၏စည်းကြပ်ခပေးဆောင်ရသည့် ကွင်းစစ်ဆေးရေးစခန်းများတွင်လည်း ဝင်ရောက်မှတ်ပုံတင်ခြင်းကိုဆောင်ရွက်နိုင်ပါကြောင်း **ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။**

**မန္တလေးတိုင်းဒေသကြီး**
**ကုန်တင်ယာဉ်/ခေါက်တိုယာဉ်**
**ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**မန္တလေးမြို့**

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမား အကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်း မရှိ...

❖ ဥပမာပေးရမည်ဆိုပါက “အရိပ်နေနေ၊ အခက်ချိုးချိုး” ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ထိ ကျင်းပသွားမည်




**မန္တလေး ဒီဇင်ဘာ ၁၄**

အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်(Floral Fantasia 2024) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် ဧည့်ပရိသတ်များတက်ရောက်ကြပြီး ဂုဏ်ပြုအဖွင့်သီချင်းနှင့်အကတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**တပ်တော်ဝင် အညွန့်အဖူး ပွင့်ဦးက စစ်စွမ်းရည်**

ဆောင်းပါး စာမျက်နှာ- ၄

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်**

စာမျက်နှာ- ၂၀

**ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ် ဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲ**

စာမျက်နှာ- ၂၃

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
▸Account Transfer
▸Mobile Topup (Phone Bill)
▸Remittance
▸Cardless ATM Withdrawl
▸Credit Card Payment
▸Tax Payment
လုံခြုံလျှင်မြန် ဆောင်ရွက်ပြန်မှန် မြဝတီဘဏ်
(24) ~ (01) 2301421, 2317166 Phone No : (01) 2301367, 2301368, 2301452, 2301378
MPU UnionPay